# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၆)ရက် ၊ အင်္ဂါနေ့ ၊ (4-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် မတ် ၃** ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့်


**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း ၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၄ ရက်
အယ်ဒီတာ့အာဘော်

# ရထားပို့ဆောင်ရေးလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး

ရထားပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သယ်ယူပို့ဆောင်ရေး၏ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သည့် လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်း စတင်ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ကို လေ့လာကြည့်ပါက ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင်ခရီးကို ယခင်က ကွမ်းခြံကုန်းဘူတာဟု အမည်တွင်ခဲ့သည့် ရန်ကုန်ဘူတာကြီးမှ စတင်ဖောက်လုပ်ပြေးဆွဲခဲ့သည်ကို တွေ့ရသည်။ ယခုအခါ မြန်မာ့မီးရထား၏ သက်တမ်းမှာ ၁၄၈ နှစ်သို့ရောက်ရှိလာပြီဖြစ်သည်။ ထိုကဲ့သို့ ရန်ကုန်-ပြည် ရထားလမ်းပိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံက ပထမဦးဆုံးဖြစ်ခဲ့သည်။ အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံဟုဆိုနိုင်သည်။ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်၊ ဘူတာရုံပေါင်း ၉၆၂ ခုထိ တည်ဆောက်နိုင်ခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကိုစီစဉ်ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်-နေပြည်တော်ခရီးစဉ် အမှတ်(၇) အဆန်ရထားနှင့် နေပြည်တော်-ရန်ကုန် ခရီးစဉ် အမှတ်(၈) အစုန်လူစီးရထားများကို ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ မန္တလေး-နေပြည်တော်ခရီးစဉ် အမှတ်(၂၈) အစုန်နှင့် နေပြည်တော်-မန္တလေးခရီးစဉ်အမှတ်(၂၇) အဆန်လူစီးရထားများကို လေအိတ်ရထားတွဲဆိုင်းဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ ချိတ်ဆက်ပြေးဆွဲပေးနေပြီဖြစ်သည်။ ခရီးသည်များအနေဖြင့် အဆိုပါ လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင် ပြောင်းလဲလိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ရန်ကုန်-မန္တလေးခရီးစဉ်အစအဆုံး ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ပြေးဆွဲချိန် ၁၁ နာရီသာကြာမြင့်မည်ဖြစ်ပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် ပြေးဆွဲချိန်သည် ၅ နာရီခွဲကြာမြင့်မည်ဖြစ်သည်။

ရထားသည် မော်တော်ကားနှင့်နှိုင်းယှဉ်ပါက တူညီသည့် ကုန်စည်ပမာဏနှင့် ခရီးအကွာအဝေးအတွက် လောင်စာဆီကို လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံအတွင်းသာ သုံးစွဲကုန်ကျသည်။ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျော့ပါးသက်သာစေပြီး ယာဉ်ကြောကျပ်တည်းမှုပြဿနာကိုလည်း လျော့နည်းစေသည်။ ထိုကဲ့သို့အချက်များကြောင့် နိုင်ငံအသီးသီးတွင်လည်း ရထားလုပ်ငန်းရေရှည်ရပ်တည်ရှင်သန်နိုင်ရေးနှင့် အလေးထားလုပ်ဆောင်နေကြသည်ကို တွေ့ရှိကြရမည်ဖြစ်ပေသည်။ နိုင်ငံတော်အနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ခေတ်မီတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် စရိတ်စကသက်သာစွာနှင့် ခရီးသည်အများအပြားကို လိုရာခရီးပို့ဆောင်ပေးနိုင်သည့်အပြင် ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာဒေသအသီးသီးသို့ ကုန်ကျစရိတ်ကျဉ်းကျဉ်းနှင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံတော်က ရထားပို့ဆောင်ရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှုကို ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ပွင့်ဖြူမြို့နယ်၌ ထောပတ်ပဲ ၃၀၄၂ ကေထိ ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၄ ဒသမ ၁၂ တင်းထွက်ရှိ



ပွင့်ဖြူ မတ် ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ထောပတ်ပဲ ၃၀၄၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၄ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၉၇၀၆ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ထောပတ်ပဲ စိုက်ခင်းများကို ဒေသခံတောင်သူများက ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၀၄၂ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ ထောပတ်ပဲ ၉၇၀၆ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ ထောပတ်ပဲစိုက်ခင်းတွေကို ဇန်နဝါရီလမှစပြီး ဒေသခံတောင်သူတွေက ရိတ်သိမ်းခြွေလှေ့နေပြီး ဒီနေ့ထိ ထောပတ်ပဲ ၃၀၄၂ ကေ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ တစ်ကေကို ၂၄ ဒသမ ၁၂ တင်း ထွက်ရှိပါတယ်။ ထောပတ်ပဲ ရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုမဖြစ်စေဖို့ စနစ်တကျရိတ်သိမ်းခြွေလှေ့နည်းနဲ့ရိတ်သိမ်းပြီး သီးနှံတွေ စနစ်တကျ သိမ်းဆည်းတတ်စေဖို့ တောင်သူတွေကို အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ထောပတ်ပဲစိုက်ပျိုးတောင်သူများကို သီးနှံကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးအတွက် ဒေသနဲ့ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားရောဂါအန္တရာယ်ကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ သီးနှံရိတ်သိမ်းချိန်၌ အချိန်မီရိတ်သိမ်းနည်းစနစ်များကို တောင်သူများ သိရှိလိုက်နာနိုင်ရန် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထောပတ်ပဲသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သောကြောင့် တောင်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်၍ ဒေသမရွေး ထောပတ်ပဲသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် မတ် ၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဖီးကြမ်းနှင့်ရခိုင်ငှက်ပျောသီးအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇန်နဝါရီလအတွင်းက ဖီးကြမ်းနှင့် ရခိုင်ငှက်ပျောသီး အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ဖီးကြမ်းနှင့် ရခိုင်ငှက်ပျောသီး အဖီးရေ ၅၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးနှစ်မျိုးတည်း ရန်ကုန်ဈေးကွက်ကို ပိုမိုတင်ပို့အားကောင်းခဲ့ပါတယ်။ ပြည်တွင်းမှာကို ငှက်ပျောလိုအပ်ချက်များနေတဲ့အခြေအနေတွေရှိတယ်။ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအစုံအဖီးရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငှက်ပျောသီးဈေးလဲ အနည်းငယ်ကောင်းလာပါတယ်။ အဝယ်လိုက်ပြီး ဈေးကောင်းလာတော့ ငှက်ပျောစိုက်တောင်သူတွေအနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငှက်ပျောတွေထပ်တိုးစိုက်ပျိုးဖို့လုပ်နေတာ တွေ့ရပါတယ်။ လက်ရှိပွဲရုံတွေဆီ ငှက်ပျောသီးတွေ တင်ပို့မှုအားကောင်းနေပါတယ်"ဟုရေကြည်မြို့နယ်မှ ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဖီးကြမ်း အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်မောက်မြို့နယ် နဘူးကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် မတ် ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဘူးကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုး ကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်း နှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ စီမံကိန်း ရန်ပုံငွေကျပ် ၅၆ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နဘူးကွဲကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းရပ်နေ ဦးမြင့်လှိုင် + ဒေါ်ညိုညိုစန်းမိသားစုက မိခင်ကြီးဒေါ်လှကြည်အား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းက လက်ခံရယူစဉ်။

# မြောင်းမြမြို့နယ်တွင် ငရုတ်သီးနှံကေအားလုံး စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့



**မြောင်းမြ မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ငရုတ်သီးနှံ ကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ကေကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ်ကေအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်းမြခရိုင်မှာ ငရုတ်တွေ လျာထားကေအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို လုပ်ဆောင်ပေးခဲ့ပါတယ်။ ငရုတ်စိုက်ခင်းတွေ ပိုးမွှား အန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ငရုတ်အပါအဝင် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှား အန္တရာယ် ကင်းရှင်းစေရန်၊ အထွက်နှုန်း ကောင်းမွန်စေရန် စသည့် လုပ်ငန်းများကို ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငရုတ်သီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ငရုတ်သီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဝါးကျွန်းကံ(ရှေ့)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မလှိုင် မတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(ရှေ့)ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝါးကျွန်းကံ(ရှေ့)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဝါးကျွန်းကံ(ရှေ့)ကျေးရွာ၌ လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၂၄ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကလေးမြို့နယ်တွင် စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကလေး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၆၄၇၅ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၇ ဒသမ ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ စပါး ၁၂၆၄၇၅ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးဦးစီးဌာနအနေနဲ့ တောင်သူတွေကို မိုးစပါးတွေ အချိန်မီရိတ်သိမ်းနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရိတ်သိမ်းပြီး စပါးများ ပျက်စီးဆုံးရှုံးမှု မရှိရေး၊ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စပါးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း-၂၈)

**ပါမောက္ခကိုကိုအောင်**



စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကောက်ပဲသီးနှံများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် မြေဆီလွှာထဲသို့ မြေသြဇာများနှင့်အတူ အချို့သော ပစ္စည်းများကိုလည်း ချထားထည့်သွင်းပေးရသည်။ အဆိုပါပစ္စည်းများသည် မြေဆီလွှာအတွင်းရှိ ရုပ်ပိုင်းဆိုင်ရာအခြေအနေ၊ ဓာတ်ပိုင်းဆိုင်ရာ အခြေအနေနှင့် ဇီဝပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်ကို ပြောင်းလဲပေးနိုင်ကြသည့်အတွက် ကောက်ပဲသီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို သွယ်ဝိုက်သောနည်းမျိုးဖြင့် အကျိုးဖြစ်ထွန်းစေသည်။ မြေဆီလွှာအတွင်းရှိ အခြေအနေအရပ်ရပ်ကို ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိသည့်အတွက် သိပ္ပံပညာရှင်တို့က ၎င်းတို့ကိုမြေဆီလွှာပြုပြင်ပေးသော ပစ္စည်းများဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ အဆိုပါ ပစ္စည်းများထဲ၌ပင် အချို့ပစ္စည်းများ၌ အပင်စာများက အသင့်ပါရှိနေကြသည်။

သာဓကအားဖြင့် ကယ်လ်စီယမ်သည် အပင်များအတွက် အစာအဖြစ်အသုံးဝင်သော ဒြပ်စင်တစ်ခုဖြစ်သည်။ များသောအားဖြင့် အပင်စာများ အလုံအလောက်ပါရှိနေတတ်သည်။ မြေဆီလွှာကို ကယ်လ်စီယမ်က သွယ်ဝိုက်သောနည်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ပေးနိုင်သောကြောင့် ကယ်လ်စီယမ်အား မြေဆီလွှာကို ပြုပြင်ပေးရာတွင် အရေးကြီးသော ပစ္စည်းတစ်ခုအဖြစ် သိပ္ပံပညာရှင်တို့က သတ်မှတ်ထားကြသည်။ ထို့ကြောင့်ပင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ မြေဆီလွှာများ၏ အခြေအနေ တိုးတက်ကောင်းမွန်စေရန်အတွက် ကယ်လ်စီယမ် ဒြပ်ပေါင်းများဖြစ်ကြသည့် ကယ်လ်စီယမ်ကာဗွန်နိတ် ခေါ် ထုံးကျောက်၊ ကယ်လ်စီယမ် ဟိုက်ဒရောဆိုက် ခေါ် ဖောက်ထုံးနှင့် ကယ်လ်စီယမ်အောက်ဆိုက် ခေါ် မီးသင့်ထုံးတို့ကို အသုံးပြုသင့်ကြောင်း မြေဆီလွှာဆိုင်ရာ သိပ္ပံပညာရှင်တို့က အကြံပြုထားကြသည်။

အဆိုပါ ဒြပ်ပေါင်းသုံးမျိုးကိုခြုံငုံ၍ ထုံးဟု ယေဘုယျ ခေါ်ဆိုသုံးနှုန်းကြသည်။ ၎င်းတို့အနက် ကယ်လ်စီယမ်ရာခိုင်နှုန်း အများဆုံးပါဝင်သည့် ဒြပ်ပေါင်းက အစွမ်းအထက်ဆုံးဖြစ်သည်။ အတိုင်းအဆ ပမာဏအားဖြင့်ဆိုရလျှင် ကယ်လ်စီယမ်အောက်ဆိုက် ၅၆ ပေါင်၌ ပါရှိသည့် ကယ်လ်စီယမ်၏ပမာဏက ကယ်လ်စီယမ် ဟိုက်ဒရောဆိုက် ၇၅ ပေါင်၌ပါရှိသည့် ကယ်လ်စီယမ်၏ ပမာဏနှင့် ဆတူဖြစ်သလို ကယ်လ်စီယမ်ကာဗွန်နိတ် ပေါင် ၁၀၀ ၌ပါရှိသည့် ကယ်လ်စီယမ်၏ ပမာဏနှင့်လည်း ဆတူဖြစ်သည်။ အရပ်အခေါ်အားဖြင့်ဆိုရလျှင် မီးသင့်ထုံးက အစွမ်းအထက်ဆုံးဖြစ်ပြီး ဖောက်ထုံးက အလယ်အလတ်ဖြစ်ကာ ထုံးကျောက်က အစွမ်းအနည်းဆုံးဖြစ်သည်။

အဆိုပါ ဒြပ်ပေါင်းသုံးမျိုးအနက် ကယ်လ်စီယမ်အောက်ဆိုက်နှင့် ကယ်လ်စီယမ်ဟိုက်ဒရောဆိုက်တို့မှာ ကော့စတစ်ဂုဏ်သတ္တိရှိပြီး ရေ၌လည်း ပိုမိုပျော်ဝင်နိုင်သည့်အတွက် ကယ်လ်စီယမ် ကာဗွန်နိတ် ခေါ် ထုံးကျောက်မှုန့်ထက်ပင် ပို၍ပြင်းသည်။ ထို့ကြောင့်ပင်အချိန်တိုအတွင်း ကောက်ပဲသီးနှံများကို အကျိုးဖြစ်ထွန်းစေလိုပါက မီးသင့်ထုံးနှင့်ဖောက်ထုံးတို့ကိုရောနှောကာ အသုံးပြုကြရမည်ဖြစ်သည်။ ကယ်လ်စီယမ်ကာဗွန်နိတ် ခေါ် ထုံးကျောက်မှုန့်က မီးသင့်ထုံးနှင့် ဖောက်ထုံးလောက် အစွမ်းအာနိသင် မရှိသော်လည်း ရေရှည်၌မူ မီးသင့်ထုံးနှင့် ဖောက်ထုံးတို့ကဲ့သို့ပင် မြေဆီလွှာ၌ တန်းတူအကျိုးကို ဖြစ်ထွန်းစေသည်။

စိုက်ပျိုးမြေအတွင်း၌ ထုံးကိုတစ်ညီတစ်ညာတည်းဖြစ်အောင်ချပေးပြီးနောက် ထိုကဲ့သို့ထုံးများ ပြန့်ကျဲနေသည့်မြေကို ထွန်ကြောင်းညီညီ ထွန်ယက်ပေးခြင်းအားဖြင့် ထုံး၏အစွမ်းအာနိသင်ကို ပိုမိုကြီးထွားလာစေမည်ဖြစ်သည်။ ကယ်လ်စီယမ် ဒြပ်ပေါင်းဖြစ်သည့် ထုံး၏ အကျိုးအာနိသင်များအနက် အချဉ်ပေါက်နေသော မြေဆီလွှာကိုပြုပြင်ပေးနိုင်ခြင်းက စိုက်ပျိုးရေးသမားတို့၏ အားအထားရဆုံး အချက်ဖြစ်သည်။

မြေဆီလွှာ အချဉ်ပေါက်နေခြင်းဆိုသည်မှာ ၎င်းမြေဆီလွှာအတွင်း၌ ဖော့စ်ဖိတ်သတ္တုရှိသော ဒြပ်စင်များဖြစ်ကြသည့် ကယ်လ်စီယမ်၊ မဂ္ဂနိစ်၊ သံ၊ ပိုတက်စီယမ်တို့မရှိခြင်း သို့တည်းမဟုတ် ရှိပါလျက်နှင့် အသုံးချ၍မရခြင်း စသည့်အခြေအနေတို့ကို ခေါ်သည်။ ထိုအခြေအနေမျိုးတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံပင်တို့က ကြီးထွားဖွံ့ဖြိုး သန်စွမ်းလာခြင်းရှိနိုင်မည်မဟုတ်ပေ။ အချဉ်ပေါက်နေသော မြေဆီလွှာထဲ၌ အပင်စာများက ရေတွင်ပျော်ဝင်နိုင်ခြင်း မရှိကြပေ။ ထိုအခြေအနေသည် မြေဆီလွှာကို ကျစ်လျစ်နေစေသည့်အပြင် ထိုအခြေအနေကြောင့် မြေတွင်း ဇက်တီးရီးယားတို့ကလည်း စွမ်းအားပြည့် အလုပ်လုပ်နိုင်ခြင်း မရှိကြပေ။

အချဉ်ဓာတ်များလွန်းသော မြေဆီလွှာသည် မြေတွင်းဇက်တီးရီးယားတို့ကို အလုပ်ကောင်းစွာ မလုပ်နိုင်အောင် သို့တည်းမဟုတ် လုံးဝအလုပ်မလုပ်နိုင်အောင် ဖြစ်စေနိုင်သည်။ အထူးသဖြင့် အပင်၏ အမြစ်ဖုငယ်များအတွင်း၌ ရှင်သန်နေထိုင်ကြသော ဇက်တီးရီးယားတို့၏ပမာဏကို ဆုတ်ယုတ်သွားစေသည့်အတွက် နိုက်ထရိုတ်ထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း များစွာနှောင့်နှေးသွားစေသည်။ ဆက်စပ်အကျိုးဆက်အဖြစ် ကောက်ပဲသီးနှံ ထွက်ရှိမှုနှုန်းကို သိသိသာသာ ကျဆင်းသွားစေတော့သည်။

ပစ္စည်းများအဖြစ် ဖြည့်စွက်ထည့်သွင်းပေးနိုင်သည်။

အချဉ်ဓာတ်များနေသော မြေဆီလွှာထဲသို့ ဖော့စ်ဂုဏ်သတ္တိရှိသော ပစ္စည်းများကို ဖြည့်စွက်ပေးလိုက်သည့်အခါ မြေဆီလွှာထဲ၌ အချဉ်ဓာတ်ပျောက်ကွယ်သွားခြင်းနှင့်အတူ လေနှင့်ရေတို့၏ ပမာဏများကလည်း သင့်တင့်မျှတလာပြီး မြေဆီလွှာ၏ အခြေအနေက သိသိသာသာတိုးတက်ကောင်းမွန်လာသည်။

ကယ်လ်စီယမ်ဒြပ်ပေါင်းဖြစ်သော ထုံးက နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူရာ၌လည်း ကောင်းစွာကူညီပေးနိုင်သည်။ ထုံးသည် ပဲမျိုးစိတ် အပင်များ၏ အမြစ်ဖုငယ်များနှင့်ဆက်စပ်နေပြီး ဇက်တီးရီးယားများ၏ နိုက်ထရိုဂျင်ဖမ်းယူခြင်းကို ထောက်ပံ့ကူညီပေးလျက် ရှိသည်။ စိုက်ခင်းများအတွင်း၌ ချပေးသော ထုံးဓာတ်ပမာဏအပေါ်မူတည်ကာ နိုက်ထရိုဂျင်ဖမ်းယူခြင်းနှင့် အခြားသောမြေဆီလွှာတွင် ပြောင်းလဲမှုတို့က အတိုးအဆုတ်ရှိနေကြသည်။ တစ်နည်းဆိုရသော် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြေဆီလွှာအတွင်း၌ ထုံးရှိနေရန်လိုအပ်သည်။ ထို့ကြောင့်ပင် စိုက်ပျိုးမြေဆီလွှာထဲ၌ ထုံးဓာတ်လျော့နည်းနေကြောင်း သိရသည်နှင့် တစ်ပြိုင်နက် ထုံးကိုကြဲပတ်ပေးရမည်ဖြစ်သည်။

**❖မြေဆီလွှာထဲ၌ အချဉ်ဓာတ်များနေခြင်းကို ဖော့စ်ဂုဏ်သတ္တိရှိသော ဓာတ်ပစ္စည်းများကို ချထားပေးခြင်းအားဖြင့် ဓာတ်ပြောင်းပြုပြင်ယူနိုင်သည်။ ဖော့စ်ဂုဏ်သတ္တိရှိသော ဒြပ်ပေါင်းများထဲတွင် ထုံးသည် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ပမာဏအများအပြားရရှိနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အစွမ်းထက်ထိရောက်ခြင်း စသည့် အချက်များကြောင့် လယ်ယာစိုက်ခင်းများ၌အသုံးပြုရန် အသင့်လျော်ဆုံးပစ္စည်းပင်ဖြစ်သည်။ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ပိုတက်စီယမ် သုံးမျိုးစလုံးတို့ကို မြေဆီလွှာထဲ၌ လိုအပ်နေသော ဖော့စ်ဂုဏ်သတ္တိရှိသည့် ပစ္စည်းများအဖြစ် ဖြည့်စွက်ထည့်သွင်းပေးနိုင်သည်။ ❖**

မြေဆီလွှာထဲ၌ အချဉ်ဓာတ်များနေခြင်းကို ဖော့စ်ဂုဏ်သတ္တိရှိသော ဓာတ်ပစ္စည်းများကို ချထားပေးခြင်းအားဖြင့် ဓာတ်ပြောင်းပြုပြင်ယူနိုင်သည်။ ဖော့စ်ဂုဏ်သတ္တိရှိသော ဒြပ်ပေါင်းများထဲတွင် ထုံးသည် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ပမာဏ အများအပြားရရှိနိုင်ခြင်း၊ ကုန်ကျစရိတ် သက်သာခြင်း၊ အစွမ်းထက်ထိရောက်ခြင်း စသည့်အချက်များကြောင့် လယ်ယာစိုက်ခင်းများ၌ အသုံးပြုရန် အသင့်လျော်ဆုံးပစ္စည်းပင်ဖြစ်သည်။ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ပိုတက်စီယမ် သုံးမျိုးစလုံးတို့ကို မြေဆီလွှာထဲ၌ လိုအပ်နေသော ဖော့စ်ဂုဏ်သတ္တိရှိသည့်

ထုံးသည် မြေဆီလွှာအတွင်း၌ အချဉ်ဓာတ်ဖြစ်ပေါ်နေမှုကို ပြုပြင်ပေးနိုင်သည့်အပြင် ကျစ်လျစ်မာကြောနေသော မြေစိုင်မြေခဲများကိုလည်း ပွယောင်းလာအောင် စွမ်းဆောင်ပေးနိုင်သည်။ ထို့ပြင် မြေဆီလွှာအတွင်းရှိ မြေမှုန့်ငယ်ကလေးများကိုလည်း ခဲသွားစေခြင်းအားဖြင့် ဖွက်ထနေသော ရွှံ့မြေမဖြစ်အောင် ကာကွယ်ပေးနိုင်စွမ်းရှိသည်။ မြေမှုန့်များခဲသွားသောအခါ မြေဆီလွှာသည် အတုံးအခဲများဖြစ်လာပြီး ပို၍ကြွပ်ဆတ်လာသည်။ ဤနေရာတွင် မီးသင့်ထုံးနှင့်ဖောက်ထုံးတို့ကို အသုံးပြုခြင်းက ပို၍သင့်တော်လိမ့်မည် ဖြစ်ပေသည်။

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပန်းကဏန်းပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပန်းကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ပန်းကဏန်းပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ပန်းကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ပန်းကဏန်းပိဿာချိန် ၇၃၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချနေတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ဘက်က အဝယ်လိုက်နေပါတယ်။ ပန်းကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေထွက်ကုန်လုပ်ငန်း လုပ်ကိုင်သူတွေက အရောင်းအဝယ်တွေ ပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ပင်လယ်ပန်းကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားအငှားလိုက်သည့်လုပ်ငန်းရှင်များအဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၉၉၈ ဧက ထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ်မှာ ပဲစင်းငုံ ၉၉၉၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲစင်းငုံ စိုက်ခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲစင်းငုံ စိုက်ပျိုး တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူသုံးစွဲရမှုသက်သာစေရန်အတွက် ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲစင်းငုံသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။(၂၀၆)

## နေညိုနိမိတ်

- မနက်ထတွင် ငါတွေ့မြင်သည်
  ငွေသွင်ဖြူလွ မိုးစက်ခသည့်
  နှမစံပယ် တစ်ပွင့်ပန်း။

- နေ့လယ်ခင်းမှာ မြင်ရပါသည်
  နီတျာရွှန်းလက် ချိုဝတ်ရက်နှင့်
  တစ်ခက် နှင်းဆီပျိုကလေး။

- စံပယ်နွဲ့ဆီ ငါလှည့်သီရင်း
  နှင်းဆီပျိုဘေး ငါမျှော်ငေးရင်း
  မွေးချင်ပန်ချင် ခူးဆွတ်ချင်လည်း
  ငါ့ရင်မလင်း ဖြစ်ရခြင်းကာ
  နှင်းဆီ စံပယ် ထိုနှစ်သွယ်တွင်
  အဘယ်ပန်းက ထာဝရဟု
  ကြောင့်ကြဝေ့လည် အတွေးရှည်စဉ်
  နှင်းဆီလည်းအိပ် စံပယ်ဆိတ်၍
  ကိုယ်စိတ်နွမ်းရိ နေသည်ရှိသော်
  မွေးမိငါ့ကို ပြုံး၍ဆိုသည်
  "နေညိုနိမိတ်" သန်းပြီတဲ့။ ။

မြင်းမူမောင်နိုင်မိုး

## ဟသ္သာတမြို့နယ် ငါးဖယ်ထူကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဟသ္သာတ မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် ဟသ္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ငါးဖယ်ထူကျေးရွာအုပ်စု ငါးဖယ်ထူကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟသ္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ ဟသ္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက လုပ်ငန်းကိုသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ငါးဖယ်ထူကျေးရွာတွင် အရှည် ၆၃၃၆ ပေရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၁၆၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၆၆ ဒသမ ၄၀၉၈ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၈၂၆ ဒသမ ၄၀၉၈ သိန်း အသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟသ္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းသမ္မတကိုသဘောထားရပ်တည်ချက် ပြောင်းရန် အမေရိကန် ရီပတ်ဘလီကန် ခေါင်းဆောင်များ တွန်းအားပေး

ဝါရှင်တန် မတ် ၃

ရုရှားနှင့်ဖြစ်ပွားနေသည့်စစ်ပွဲနှင့်ပတ်သက်ပြီး သဘောထားရပ်တည်ချက်ပြောင်းရန်၊ မပြောင်းခဲ့ပါက ရာထူးမှထွက်ပေးရန် အမေရိကန် ရီပတ်ဘလီကန်ထိပ်တန်းခေါင်းဆောင်များက ယူကရိန်းသမ္မတဇီလန်စကီးကို တွန်းအားပေးနေကြောင်း မတ် ၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့သော အိမ်ဖြူတော်ဆွေးနွေးပွဲ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ယူကရိန်းသမ္မတတို့ စကားအချေအတင်ဖြစ်ပွားခဲ့ပြီးနောက် ရီပတ်ဘလီကန် ထိပ်တန်းခေါင်းဆောင်များက ယူကရိန်းသမ္မတကို ထိုကဲ့သို့ တွန်းအားပေးနေခြင်းဖြစ်သည်။

ယူကရိန်းစစ်ပွဲနှင့်ပတ်သက်၍ သဘောထားပြောင်းရန်နှင့် မပြောင်းနိုင်ပါက ရာထူးမှနုတ်ထွက်ရန် ယူကရိန်းသမ္မတကို တွန်းအားပေးနေသည့် ရီပတ်ဘလီကန်ခေါင်းဆောင်များထဲတွင် သမ္မတထရန့်၏ အမျိုးသားလုံခြုံရေး အကြံပေး မိုက်ခ်ဝေါ့ဇ်လည်း ပါဝင်ကြောင်း သိရသည်။

အလားတူ အထက်လွှတ်တော် အမတ် လင်ဘေးဂရေဟမ်နှင့် အောက်လွှတ်တော်အမတ် မိုက်ခ်ဂျွန်ဆင်တို့လည်း ယူကရိန်းသမ္မတ ရာထူးမှနုတ်ထွက်ရန် တွန်းအားပေးထားကြသည်။

သုံးနှစ်ကြာ ယူကရိန်းစစ်ပွဲအတွင်း အမေရိကန်နိုင်ငံသည် ယူကရိန်းအစိုးရကို တစ်စိုက်မတ်မတ် ထောက်ခံအားပေးခဲ့သည်။

သို့ရာတွင် သမ္မတသစ် ဒေါ်နယ်ထရန့်လက်ထက်တွင် အမေရိကန်အစိုးရ၏ ယူကရိန်းစစ်ပွဲဆိုင်ရာမူဝါဒ ပြောင်းလဲခဲ့ရပြီး စစ်ပွဲကို အဆုံးသတ်ရေးအတွက်ရုရှားအစိုးရနှင့် စေ့စပ်ညှိနှိုင်းမှုများ စတင်လာခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

# ရဲတပ်ဖွဲ့ဝင်အချင်းချင်း မှားယွင်းပစ်ခတ်မှုနှင့် ပတ်သက်၍ ဖမ်းဝရမ်းထုတ်ထားသည့် ရဲချုပ်ကို သီရိလင်္ကာရဲတပ်ဖွဲ့ဝင်များက ရှာဖွေ

ကိုလံဘို မတ် ၃

တရားရုံးက ဖမ်းဝရမ်းထုတ်ထားသည့် သီရိလင်္ကာအမျိုးသားရဲတပ်ဖွဲ့ ရဲချုပ် ဒီရှာဘန်ဒူ တန်နာကွန်းကို ရဲတပ်ဖွဲ့ကရှာဖွေနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော ဟိုတယ်တစ်လုံးစီးနင်းမှုအတွင်း ရဲတပ်ဖွဲ့ဝင်အချင်းချင်း မှားယွင်းပစ်ခတ်မှုနှင့်ပတ်သက်၍ ရဲချုပ် ဒီရှာဘန်ဒူ တန်နာကွန်းကို ဖေဖော်ဝါရီ ၂၈ ရက်က ဖမ်းဝရမ်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဖမ်းဝရမ်းထုတ်ခံရပြီးနောက် သီရိလင်္ကာအမျိုးသားရဲတပ်ဖွဲ့ ရဲချုပ်မှာ ပျောက်ဆုံးနေကြောင်း သိရသည်။

လက်ရှိတွင် ဖမ်းဝရမ်းအထုတ်ခံရပြီးနောက် ပုန်းရှောင်နေသော ရဲချုပ် တန်နာကွန်းကို ရဲတပ်ဖွဲ့က ရှာဖွေနေကြောင်း သီရိလင်္ကာအစိုးရတာဝန်ရှိသူတစ်ဦး ထုတ်ဖော်ပြောကြားထားသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဟိုတယ်စီးနင်းမှုကို ရဲချုပ်တန်နာကွန်း၏ ညွှန်ကြားမှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစီးနင်းမှုတွင် ပါဝင်ခဲ့သောရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များကြား မှားယွင်းပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

STOP AIDS

# ဂျပန်တော်ဝင်မင်းသား ဟီဆာဟီတို ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲကျင်းပ



တိုကျို မတ် ၃

တစ်ချိန်ချိန်တွင် ဂျပန်ထီးနန်းကို ဆက်ခံနိုင်မည့်အလားအလာရှိသော ဂျပန်မင်းသား ဟီဆာဟီတိုသည် ယနေ့တွင် ၎င်း၏ပထမဆုံး သတင်းစာရှင်းလင်းပွဲကို တိုကျိုမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိမိအနေဖြင့် တော်ဝင်မိသားစု၏ တာဝန်ဝတ္တရားများကို အပြည့်အဝ ရယူမည်ဖြစ်ကြောင်း မင်းသား ဟီဆာဟီတိုက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် လက်ရှိထီးနန်းဆက်ခံမှုဆိုင်ရာ စည်းမျဉ်းဥပဒေများကို ပြင်ဆင်ပြောင်းလဲမှု မရှိခဲ့လျှင် မင်းသားဟီဆာဟီတိုသည် တစ်နေ့နေ့တွင် ဂျပန်ထီးနန်းကို ဆက်ခံရမည်ဖြစ်သည်။

မင်းသား ဟီဆာဟီတိုသည် လက်ရှိဂျပန်ဧကရာဇ် နာရုဟီတို၏ညီငယ် ဂျပန်အိမ်ရှေ့မင်းသား အကီရှီနို၏သားဖြစ်သည်။

ဂျပန်ဧကရာဇ် နာရုဟီတို၏ သမီးဖြစ်သူ အသက် ၂၃ နှစ်အရွယ် အေအီကိုမှာ ဂျပန်နိုင်ငံ၏ ထီးနန်းဆက်ခံရေးဥပဒေများအရ ဂျပန်ထီးနန်းကို ဆက်ခံခွင့်မရှိကြောင်း သိရသည်။

ဂျပန်ထီးနန်းဆက်ခံမှုဆိုင်ရာ ဥပဒေများအရ ဂျပန်ထီးနန်းကို အမျိုးသမီးများ ရယူခွင့်မရှိဘဲ အမျိုးသားများကသာ ရယူခွင့်ရှိကြောင်း သိရသည်။Ref : Xinhua

Trs : KKO

# အိန္ဒိယနိုင်ငံကုန်သွယ်ရေးဝန်ကြီး အမေရိကန်ခရီးစဉ် စတင်

ဒေလီ မတ် ၃

အိန္ဒိယကုန်သွယ်ရေးဝန်ကြီး ပီယွတ်ရှ် ဂိုယယ်သည် ယနေ့တွင် အမေရိကန်ခရီးစဉ် စတင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယကုန်သွယ်ရေးဝန်ကြီးသည် အမေရိကန်နိုင်ငံခရီးစဉ်အတွင်း အမေရိကန်အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကုန်သွယ်ရေးဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ သွင်းကုန်များအပေါ် အခွန်စည်းကြပ်မည့် အစီအစဉ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မစတင်မီ အိန္ဒိယကုန်သွယ်ရေးဝန်ကြီးက အမေရိကန်ခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်ရေးဝန်ကြီး ပီယွတ်ရှ်ဂိုယယ်၏ အမေရိကန်ခရီးစဉ်နှင့်ပတ်သက်၍ အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ သတင်းထုတ်ပြန် ထားခြင်းမရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့်လကလည်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် အမေရိကန်နိုင်ငံသို့သွားရောက်၍ အမေရိကန်သမ္မတထရန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုစဉ်ကလည်း အိန္ဒိယဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတထရန့်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများကို အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။



Ref : Xinhua

Trs : KKO

# အိုင်အေအီးအေကိုယ်စားလှယ်များအနေဖြင့် အချုပ်အခြာနယ်မြေ ပိုင်နက်ချိုးဖောက်မှုကျူးလွန်ခဲ့ကြောင်း ယူကရိန်းစွပ်စွဲ



ကိယက်စ် မတ် ၃

ကုလသမဂ္ဂ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)မှ ကိုယ်စားလှယ်များအနေဖြင့် အချုပ်အခြာနယ်မြေပိုင်နက်ချိုးဖောက်မှုကျူးလွန်ခဲ့ကြောင်း ယူကရိန်းအစိုးရက မတ် ၂ ရက်တွင် စွပ်စွဲခဲ့ကြောင်း သိရသည်။

ရုရှားတပ်များထိန်းချုပ်ထားသော ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရုရှားထိန်းချုပ်ထားသည့် နယ်မြေများမှတစ်ဆင့် အိုင်အေအီးအေကိုယ်စားလှယ်များ သွားရောက်ခဲ့ပြီးနောက် ယူကရိန်းအစိုးရက ထိုသို့ စွပ်စွဲခဲ့ခြင်းဖြစ်သည်။

အိုင်အေအီးအေကိုယ်စားလှယ်များသည် မတ် ၁ ရက်က ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ သွားရောက်ခဲ့ကြသည်။

ထိုသို့သွားရောက်ရာတွင် အိုင်အေအီးအေ ကိုယ်စားလှယ်များသည် ပထမဆုံးအကြိမ်အဖြစ် ရုရှားနယ်မြေမှတစ်ဆင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်များသည် ယူကရိန်းတောင်ပိုင်းရှိ ဇာပိုရစ်ဇီယာ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၂၂ ခုနှစ်ကပင် စတင်ထိန်းချုပ်ခဲ့သည်။

အဆိုပါ နျူကလီးယားစက်ရုံအနီးတွင် ရုရှားနှင့် ယူကရိန်းတပ်များကြား တိုက်ပွဲများကြောင့် ခရီးစဉ်နှောင့်နှေးခဲ့ရပြီးနောက် အိုင်အေအီးအေအလှည့်ကျ စောင့်ကြည့်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ပရိုဂရက်စ်အမ်အက်စ်-၃၀ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်



မော်စကို မတ် ၃

ရုရှား အာကာသအေဂျင်စီ၏ ပရိုဂရက်စ် အမ်အက်စ်-၃၀ အာကာသ ကုန်တင်ယာဉ်သည် မတ် ၂ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ပရိုဂရက်စ် အမ်အက်စ်-၃၀ အာကာသ ကုန်တင်ယာဉ်နှင့် နိုင်ငံတကာ အာကာသစခန်း ယာဉ်တို့သည် အတ္တလန္တိတ် သမုဒ္ဒရာ တောင်ပိုင်း ကမ္ဘာမြေပြင် အထက် အမြင့်မိုင် ၂၆၀ တွင် အောင်မြင်စွာ ချိတ်ဆက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်အမ်အက်စ်-၃၀ အာကာသ ကုန်တင်ယာဉ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနောအာကာသစခန်းမှတစ်ဆင့် ဆိုယုဇ်-၂.၁ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့်ဆေးဝါးများအပါအဝင် ကုန်စည်ပမာဏ သုံးတန်ခန့် သယ်ဆောင်ထားကြောင်း သိရသည်။

ပရိုဂရက်စ် အမ်အက်စ်-၃၀ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ် အမ်အက်စ်-၃၀ မစ်ရှင်သည် ရုရှားအာကာသအေဂျင်စီအတွက် ၉၁ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## ALS ရောဂါကိုဖော်ထုတ်ရာတွင် သွေးစစ်နည်းတစ်မျိုးက အထောက်အကူပြုနိုင်

ပဲရစ် မတ် ၃

သွေးစစ်နည်းတစ်မျိုးသည် Amyotrophic Lateral Sclerosis (ALS) ခေါ် ခွန်အားစနစ်ဖောက်ပြန်မှုရောဂါတစ်မျိုးကို ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း မတ် ၂ ရက် သတင်းများအရ သိရသည်။

ပြင်သစ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ALS ရောဂါရှိနေသူများ၏ သွေးအတွင်း၌ NF-L Protein ခေါ် ပရိုတင်းတစ်မျိုး ပါဝင်မှုအဆင့်မှာ သာမန်ထက် သုံးဆမြင့်တက်နေတတ်ကြောင်း သိရသည်။

NF-L ပရိုတင်းများသည် အာရုံနှာဗ်ဆဲလ်များ ထိခိုက်ဒဏ်ရာရရှိချိန်၊ သေဆုံးချိန်များတွင် ပေါ်ထွက်လာသည့် ပရိုတင်းတစ်မျိုးဖြစ်ကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ သွေးအတွင်း NF-L ပရိုတင်းပါဝင်မှုအဆင့်ကို တိုင်းတာခြင်းဖြင့် ALS ရောဂါကို ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်သည်ဟု ပြင်သစ်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ပြင်သစ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ NF-L ပရိုတင်းများကို စစ်ဆေးတိုင်းတာပေးသည့် သွေးစစ်နည်းသည် ALS လူနာများကို ဖော်ထုတ်ရာတွင် ၈၀ ရာခိုင်နှုန်းတိကျမှုရှိကြောင်း သိရသည်။

NF-L ပရိုတင်းစစ်ဆေးမှုသည် ALS ရောဂါလူနာများ၏ အသက်ရှင်သန်ခွင့် အလားအလာကို ခန့်မှန်းရာတွင် အထောက်အကူပြုကြောင်း ပြင်သစ် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် မောင်းသူမဲ့လေယာဉ်တစ်စင်းကို တရုတ်သိပ္ပံပညာရှင်များ တည်ဆောက်နေ

ပေကျင်း မတ် ၃

အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် အပေါ့စား စက်ရုပ်နည်းပညာသုံး မောင်းသူမဲ့လေယာဉ်တစ်စင်းကို တရုတ်သိပ္ပံပညာရှင်များက တည်ဆောက်နေကြောင်း မတ် ၂ ရက် သတင်းများအရ သိရသည်။

မြေပြင်တွင်ရော၊ ဝေဟင်တွင်ပါ အသုံးချနိုင်မည့် အဆိုပါမောင်းသူမဲ့လေယာဉ်မှာ အလေးချိန်ဂရမ် ၃၀၀ ခန့်သာရှိရာ ပန်းသီးတစ်လုံး၏ အလေးချိန်မျှသာရှိကြောင်း သိရသည်။

အဆိုပါမောင်းသူမဲ့လေယာဉ်သည် မြေပြင်တွင် ဒြပ်ဆွဲအားဗဟိုချက်ကို အသုံးပြုပြီး လိမ့်၍သွားလာနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဝေဟင်ထဲတွင်မူ အဆိုပါ မောင်းသူမဲ့လေယာဉ်သည် ပန်ကာဒလက် နှစ်ခု၏အကူအညီဖြင့် ပျံသန်းနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



အဆိုပါ မြေပြင်၊ ဝေဟင်သုံး မောင်းသူမဲ့လေယာဉ်ကို ဟာဆင်းနည်းပညာအင်စတီကျူမှ တရုတ်သိပ္ပံပညာရှင်များက တည်ဆောက်နေခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်ကို လေ့လာရာတွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က Ingenuity အမည်ရှိ မောင်းသူမဲ့ ရဟတ်ယာဉ်တစ်စင်းကို ပထမဆုံးအကြိမ် အသုံးပြုခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## မျောက်ကျောက်ရောဂါကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဆက်လက်သတ်မှတ်

ဂျီနီဗာ မတ် ၃

မျောက်ကျောက်ရောဂါ (Mpox) ကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဆက်လက်သတ်မှတ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မတ် ၂ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မျောက်ကျောက်ရောဂါ ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်နေမှုနှင့် ကူးစက်မှုများဖြစ်ပွားနေသော ပထဝီအနေအထားများအရ မျောက်ကျောက်ရောဂါကူးစက်မှုကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် WHO က ဆက်လက်သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။


WHO သည် မျောက်ကျောက်ရောဂါကူးစက်မှုကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် စတင်ကြေညာခဲ့သည်။

နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေသည် ကူးစက်ရောဂါများအတွက် WHO က ထုတ်ပြန်လေ့ရှိသော အမြင့်ဆုံးအဆင့် သတိပေးချက်ဖြစ်သည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ မျောက်ကျောက်ရောဂါ ကူးစက်ခံထားရသူဦးရေ ၂၁၀၀၀ ကျော်ထိ အတည်ပြုထားနိုင်ပြီး သေဆုံးသူ ဦးရေ ၇၀ ထိရှိခဲ့ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါသည် အနီးကပ် ထိတွေ့မှုများမှတစ်ဆင့် ကူးစက်တတ်သည့် ဗိုင်းရပ်ကူးစက်ရောဂါ တစ်မျိုးဖြစ်ပြီး တုပ်ကွေးရောဂါနှင့် အလားတူသည့် လက္ခဏာများပေါ်ထွက်လာတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




## Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့

ဝါရှင်တန် မတ် ၃

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ မတ် ၂ ရက်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် မတ် ၂ ရက်တွင် ဒုံးကန်အားစနစ်များဖွင့်၍ လမျက်နှာပြင်ပေါ်ရှိ မီးတောင်လွင်ပြင်တစ်ခုဖြစ်သော မာရီခရီဆီယမ် လွင်ပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခဲ့သည်ဟု Firefly Aerospace ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အထက်ပါ အောင်မြင်မှုကြောင့် Firefly Aerospace ကုမ္ပဏီသည် လပေါ်သို့ လဆင်းယာဉ် အောင်မြင်စွာ စေလွှတ်နိုင်ခဲ့သော ဒုတိယမြောက် ပုဂ္ဂလိက အာကာသကုမ္ပဏီ ဖြစ်လာခဲ့ကြောင်း သိရသည်။

လပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သော ပထမဆုံးပုဂ္ဂလိက လဆင်းယာဉ်မှာ Intuitive Machine ကုမ္ပဏီ၏ Odysseus လဆင်းယာဉ်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

အမြင့် ၆ ဒသမ ၆ ပေ၊ အချင်း ၁၁ ဒသမ ၅ ပေရှိသော Blue Ghost လဆင်းယာဉ်သည် Firefly Aerospace ကုမ္ပဏီ၏ ပထမဆုံး လဆင်းယာဉ်လည်းဖြစ်သည်။

Blue Ghost လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လမျက်နှာပြင်စူးစမ်းလေ့လာရေး စနစ် ၁၀ မျိုးကိုသယ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နိုင်ငံတကာ
## အားကစားသတင်းများ

# အနီကတ်ပြစ်ဒဏ်ကြောင့် ကွာရာဘောင်းဖလား ဖိုလ်လုပွဲကို ဂေါ်ဒွန်လွဲချော်မည်

**လန်ဒန် မတ် ၃**

အက်ဖ်အေဖလား ပဥ္စမအဆင့် ပွဲစဉ်အဖြစ် ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့် ဘရိုက်တန် အသင်းတို့ ပွဲစဉ်တွင် တိုက်စစ်မှူး ဂေါ်ဒွန်သည် အနီကတ်ပြသခံရ သဖြင့် လာမည့် မတ် ၁၆ ရက်တွင် ကစားရမည့် လီဗာပူးအသင်းနှင့် ကွာရာဘောင်းဖလား ဖိုလ်လု ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

သို့သော်နယူးကာဆယ်အသင်း အနေဖြင့်အဓိက ကစားသမား ဂေါ်ဒွန်၏ အနီကတ်ပြစ်ဒဏ် အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ ချုပ်ထံ အယူခံဝင် ရောက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ် နေချိန်တွင် ဦးဆောင်ဂိုးရရှိရေး အတွက် အကြိတ်အနယ်ရှိခဲ့ရာ ပွဲကစားချိန် ၈၃ မိနစ်အရောက်တွင် တိုက်စစ်မှူးဂေါ်ဒွန်သည် ပြိုင် ဘက်ကစားသမား ဟက်စ်ကီး၏ မျက်နှာကိုလက်ဖြင့်ရိုက်မိခဲ့သဖြင့် ကွင်းလယ်ဒိုင် အန်တိုနီတေလာက တိုက်ရိုက်အနီကတ် ပြသခဲ့သော ကြောင့် သုံးပွဲပယ် ပြစ်ဒဏ်ကျခံရ မည်ဖြစ်ပြီး မတ် ၁၁ ရက်တွင် ကစားရမည့် ဝက်စ်ဟမ်းအသင်း၊ မတ် ၁၆ ရက်တွင် ကစားရမည့် လီဗာပူးအသင်း၊ ဧပြီ ၃ ရက်တွင် ကစားရမည့် ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် အပြန်အလှန် ဖိအားပေးမှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ပွဲကစား ချိန် ၂၂ မိနစ်တွင် တိုက်စစ်မှူး အစ်ဆက်ခ်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီးနောက် ပြိုင်ဘက် ကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ပွဲချိန် ၄၄ မိနစ်တွင် ချေပဂိုးခွင့်ပြု ပေးခဲ့ရကာ ဦးဆောင်ဂိုးရရှိအောင် လူစားလဲမှုများ ပြုလုပ်ခဲ့သော် လည်း တိုက်စစ်မှူး ဂေါ်ဒွန် အနီကတ်ဖြင့် ထွက်ခွာသွားချိန် တွင် တိုက်စစ်ကစားအားကျဆင်း သွားခဲ့သည့်အပြင် ဘရိုက်တန် အသင်းကလည်း လက်ပစတေနှစ်ဝါ တစ်နီဖြင့်ထုတ်ပယ်ခံရပြီး အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် ဘရိုက်တန်အသင်း က ကစားအားကျဆင်းသွားခြင်း မရှိသဖြင့် ပွဲကစားချိန် ၁၁၄ မိနစ် အရောက်တွင် တိုက်စစ်မှူး ဝဲလ်ဘက်က ဦးဆောင်ဂိုးသွင်းယူ နိုင်ခဲ့ပြီး နှစ်ဂိုးတစ်ဂိုးဖြင့် နိုင်ပွဲ ရရှိခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML



# South Africa Open ဂေါက်သီးရိုက်ချန်ပီယံဆု နိုင်ဒိုဆွတ်ခူးရရှိ




**ကိပ်တောင်း မတ် ၃**

တောင်အာဖရိကနိုင်ငံတွင်ကျင်းပ ခဲ့သည့် South Africa Open ချန်ပီယံဆုကို တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားနိုင်ဒိုက ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နောက်ဆုံးနေ့အပြီးတွင် တောင် အာဖရိကဂေါက်သီးရိုက် ကစား သမားနိုင်ဒိုနှင့် အင်္ဂလန်ဂေါက်သီး ရိုက်ကစားသမား လော်ရီကန်တာ တို့သည် စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင် ခွင့်ရခဲ့သဖြင့် ချန်ပီယံအဆုံး အဖြတ်အတွက် Play-off အဆင့် အား ဆက်လက်ယှဉ်ပြိုင် ကစား ခဲ့ရာ နိုင်ဒိုက မွေးရပ်မြေတွင် အိမ်ရှင်ပရိသတ်များ ရှေ့မှောက်၌ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားမာကိုပင်ဂီကစုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား ၏တတိယနေရာတွင် ရပ်တည်နိုင် ခဲ့ပြီး ဗိုလ်စွဲရန် ရေပန်းစားခဲ့သည့် ရှဝက်ဇယ်က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက်လေးချက်သာလျော့ ရိုက်နိုင်ခဲ့ပြီး ရလဒ်မကောင်းခဲ့ပဲ ချန်ပီယံဆုဖြင့် လွဲချော်သွားခဲ့သည်။

နိုင်ဒိုက"ကျွန်တော့်ကစားသမား ဘဝအတွက် အကြီးကျယ်အခမ်း နားဆုံးအခိုက်အတန့်ဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ ဒါဘန်မြို့ခံတွေ အတွက်လည်း ဂုဏ်ယူစရာပြိုင်ပွဲ တစ်ရပ်လည်းဖြစ်ပါတယ်။ မွေးရပ် မြေမှာယှဉ်ပြိုင်ကစားခဲ့တဲ့အတွက် တောင်အာဖရိက ပရိသတ်တွေ ကလည်း ကျွန်တော့်ကိုအရမ်း အားပေးခဲ့ကြတယ်။ ပရိသတ် တွေအများကြီး ကျွန်တော့်နောက် လိုက်လာတော့ ကိုယ့်ကိုယ်ကိုယ် တိုက်ဂါးဝုဒ်လို့တောင် ထင်မိသွား ပါတယ်။ အားပေးခဲ့ကြတဲ့ တောင် အာဖရိက ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကား တစ်လုံးနဲ့ မလုံလောက်ပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းက ပရီးမီးယားလိဂ်ပြိုင်ဘက် ဘုန်းမောက်အသင်းနှင့်တွေ့ဆုံ

**လန်ဒန် မတ် ၃**

အက်ဖ်အေဖလား ပဥ္စမအဆင့် ပွဲစဉ်များအပြီးတွင် မဲခွဲမှုပြုလုပ် ခဲ့ရာ ပရီးမီးယားလိဂ်အသင်းကြီး ဖြစ်သည့် မန်စီးတီးအသင်းက ပြိုင်ဘက် ဘုန်းမောက်အသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ တွင်လည်း ဇယားထိပ်မှ လီဗာပူး အသင်းနှင့် ရမှတ် ၂၀ ထိကွာဟနေ သဖြင့် ချန်ပီယံဆုကို ကာကွယ် နိုင်ရန်မဖြစ်နိုင်တော့ဘဲ ကွာရာ ဘောင်းဖလား ပြိုင်ပွဲတွင်လည်း စပါးအသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာ ခဲ့ရပြီးနောက် အက်ဖ်အေဖလား ပြိုင်ပွဲတွင် အောက်တန်းကလပ် ပလိုင်းမောက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ကွာတား ဖိုင်နယ်အဆင့်တွင် ဘုန်းမောက် အသင်းနှင့် တွေ့ဆုံနေသဖြင့် ဆုဖလားရယူနိုင်ရန် အခွင့်အရေး များပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ပဥ္စမအဆင့်တွင် လက်ရှိချန်ပီယံ မန်ယူအသင်းကို ပင်နယ်တီအဆုံး အဖြတ်ဖြင့် အနိုင်ရခဲ့သည့် ဖူလ် ဟမ်အသင်းက ပရီးမီးယားလိဂ် ပြိုင်ဘက် ပဲလေ့စ်အသင်းကို အိမ် ကွင်းတွင်လည်းကောင်း၊ ကာဒစ် အသင်းကို အနိုင်ရခဲ့သည့် အေဗီ လာအသင်းက ပရက်စတန်အသင်း ကို အဝေးကွင်းတွင်လည်းကောင်း၊ နယူးကာဆယ်ကိုအနိုင်ရ ခဲ့သည့် ဘရိုက်တန်အသင်းက နောက်တင်ဟမ်သို့မဟုတ် အစ်ပ်စ် အသင်းတို့မှ အနိုင်ရသည့်အသင်း နှင့် အိမ်ကွင်းတွင်လည်းကောင်း၊ မန်စီးတီးအသင်းက ဘုန်းမောက် အသင်းနှင့်လည်းကောင်း တွေ့ဆုံ နေကြောင်း သိရသည်။




အက်ဖ်အေဖလား ပဥ္စမဆင့်ပွဲ ကျန်ဖြစ်သည့် နော်တင်ဟမ်နှင့် အစ်ပ်စ်အသင်းတို့ ပွဲစဉ်ကို ယနေ့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ကွာတား ဖိုင်နယ်အဆင့် ပွဲစဉ်များကို လာမည့် မတ် ၂၉ ရက်တွင် ဆက် လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Daily mail
Trs : ML

# အင်္ဂလန်လိဂ်ဝမ်းပြိုင်ပွဲတွင် အမြန်ဆုံးအနီကတ်ပြသခံရသူအဖြစ် ရှက်ရီဘူရီကစားသမား မားကွစ်မှတ်တမ်းဝင်

**လန်ဒန် မတ် ၃**

အင်္ဂလန်လိဂ်ဝမ်းပြိုင်ပွဲအဖြစ် ပီတာဘာရော့စ်အသင်းနှင့် ရှက်ရီ ဘူရီအသင်းတို့ပွဲစဉ်တွင် ရှက်ရီဘူ ရီအသင်းကစားသမား မားကွစ် သည် ပွဲအစ ခုနစ်စက္ကန့်တွင် အနီ ကတ်ပြသခံရသောကြောင့် သမိုင်း တစ်လျှောက်အမြန်ဆုံး အနီကတ် ပြသခံရသူအဖြစ် မှတ်တမ်းဝင် ခဲ့သည်။

အသက် ၃၂ နှစ်ရှိ အသင်းခေါင်း ဆောင်မားကွစ်သည် ပွဲအစ ခုနစ် စက္ကန့်အရောက်တွင် ပီတာဘာရော့ အသင်းခံစစ်ကစားသမား ဟုဂက်စ် ကို ပြစ်ဒဏ်ကျူးလွန်ခဲ့မှုကြောင့် ကွင်းလယ်ဒိုင်က တိုက်ရိုက် အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။

အင်္ဂလန် ဘောလုံးသမိုင်းတွင် အမြန်ဆုံး အနီကတ်ပြသခံရသူ များအဖြစ် ပြီးခဲ့သည့် ၂၅ နှစ်က ရက်ဖီး(w) အသင်းနှင့် ဝုဗ်အသင်း တို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရက်ဖီး (w) ဂိုးသမား ပရက်စ်မန်းက ပွဲကစားချိန် ၁၃ စက္ကန့်ဖြင့်လည်း ကောင်း၊ ၂၀၀၇ ခုနစ်က ပရီးမီး ယားလိဂ်ပွဲစဉ်အဖြစ် ရက်ဖီး(U) နှင့် ရီဒင်းအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ရက်ဖီး(U) အသင်းမှ ကီလက်ပိုင်က လူစားလဲဝင်ကစား ချိန်တွင် အနီကတ်ဖြင့် ထုတ်ပယ်ခံ ရပြီး အမြန်ဆုံးအနီကတ်ပြသခံရ သူများအဖြစ် ရပ်တည်နေသော် လည်း ယခုအခါမားကွစ်က ၎င်းတို့ ကိုကျော်ဖြတ်၍ မှတ်တမ်းဆိုး တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်း က အနီကတ်ပြသခံရသည့် ရှက်ရီဘူရီအသင်းနေဖြင့် ပွဲချိန် ၈ မိနစ်၊ ပွဲချိန် ၃၅ မိနစ်နှင့် ပွဲချိန် မိနစ် ၉၀ တို့တွင် ဦးဆောင်ဂိုး များခွင့်ပြုခဲ့ရကာ ပွဲချိန် ၁၄ မိနစ် တွင် ချေပဂိုးတစ်ဂိုးသာ ပြန်လည် သွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အမှတ်ပေး ဇယား အောက်ဆုံးတွင်သာ ဆက်လက် ရပ်တည်နေခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

## အားကစားသတင်းအတိုအထွာများ

- နည်းပြအာမိုရင်က မန်ယူအသင်း၏ တိုက်စစ်ပိုင်း အားနည်းချက်ကို ပြင်ဆင်နိုင်ရန် စပို့တင်းလစ္စဘွန်အသင်းမှ အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး ထရင်ကာအိုကို ခေါ်ယူရန်ဆုံးဖြတ်ထား ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက နယူးကာဆယ်အသင်း တိုက်စစ်မှူး အစ်ဆက်ခ်ကိုခေါ်ယူနိုင်ရန် တိုက်စစ်မှူး မူအာနီ၊ ကွင်းလယ် ကစားသမား အဆန်စီယိုနှင့် တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်တို့ သုံးဦးနှင့် အလိုက်ပေး၍ ကမ်းလှမ်းမှုပြုလုပ်မည်ဟု ထုတ်ဖော် ပြောကြားခဲ့သည်။
- တိုက်စစ်မှူး မာတင်နယ်လီကို လက်ရှိစျေးကွက်တန်ကြေး ထက်ပိုပေးသည့် အသင်းရှိပါက ရောင်းချသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။ ML

# ၆၃ ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် Myanmar ShwePyi Tractor Limited တို့ ပူးပေါင်းကျင်းပသည့် ၆၃ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲ "Cycling Esports National Championships 2025"နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂ ရက်က ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးအားကစားစခန်း(YTC)ကွင်းရှိ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ပြိုင်ပွဲအပြီးတွင် Men Junior ပွဲ၌ ပထမဆုကို ရဲမြတ်ကျော် RCC(ရန်ကုန်)၊ ဒုတိယဆုကို ဇေလင်းထက် TYC (မန္တလေး)နှင့် တတိယဆုကို စောဝေနောင်ထွန်း TYC (မန္တလေး) တို့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ငွေသားဆုနှင့်အတူ တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ Women Elite ပြိုင်ပွဲတွင် ပထမဆုကို ခိုင်ဝါ TYC(မန္တလေး)၊ ဒုတိယဆုကို သွယ်ဇင်ဟန် KNCC (ရန်ကုန်)နှင့် တတိယဆုကိုလှလှနွယ် FCC (ရန်ကုန်)တို့ကရရှိခဲ့ပြီး မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူက ငွေသားဆုနှင့်အတူ တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး Men Elite ပြိုင်ပွဲတွင် ပထမဆုကို ဟာကျူလီ TYC (မန္တလေး)၊ ဒုတိယဆုကို ဝေလျှံအောင် FCC(ရန်ကုန်)နှင့် တတိယဆုကို ထက်အောင်စိုး KNCC (ရန်ကုန်)တို့ကရရှိခဲ့ပြီး မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ပြိုင်ပွဲဝင်အတန်းလိုက် စတုတ္ထမှ ဒသမတန်းထိ ဆုရရှိခဲ့ကြသော ပြိုင်ပွဲဝင်အားကစားသမားများအား မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို Men Junior တန်းတွင် ၅၈ ဦး၊ Women Elite တန်းတွင်ဦးရေ ၂၀နှင့် Men Elite တန်းတွင် ၂၂ ဦး စုစုပေါင်းပြိုင်ပွဲဝင် အားကစားသမားဦးရေ ၁၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၆ ကီလိုမီတာ အမှတ်ပေးစနစ်ဖြင့် ဆုပေးခဲ့ကြောင်း သိရသည်။

STA

# အယ်နာဆာအသင်းနှင့် အက်စ်တီဂလယ် အသင်းတို့ ပွဲစဉ်ကို စီရော်နယ်ဒိုလွဲချော်ခဲ့

ရီယာဒ် မတ် ၃

အယ်လ်နာဆာအသင်း အဓိကကစားသမား စီရော်နယ်ဒိုသည် အီရန်နိုင်ငံ၏လုံခြုံရေးအခြေအနေကြောင့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် အယ်နာဆာအသင်းနှင့် အီရန်ကလပ် အက်စ်တီဂလယ်အသင်းတို့ပွဲစဉ်ကို လွဲချော်ခဲ့ကြောင်း သိရသည်။

အယ်လ်နာဆာ အသင်းသည် အာရှချန်ပီယံလိဂ် ပြိုင်ပွဲအဖြစ် အီရန်ကလပ် အက်စ်တီဂလယ်အသင်းနှင့် အဝေးကွင်းပွဲစဉ်အဖြစ် အီရန်နိုင်ငံတွင် ကစားရမည်ဖြစ်ပြီး အီရန်နိုင်ငံတွင် စီရော်နယ်ဒို၏ လုံခြုံရေးအခြေအနေအရ စိတ်ချရခြင်းမရှိသည့်အတွက် စီရော်နယ်ဒိုက အသင်းနှင့်အတူ အီရန်နိုင်ငံသို့ လိုက်ပါခြင်း မရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တီဂလယ် အသင်းနှင့် ကစားမည့် အာရှချန်ပီယံလိဂ် ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ပွဲစဉ်တွင် အယ်နာဆာအသင်း၌ စီရော်နယ်ဒိုလွဲချော်ခဲ့သော်လည်း အခြားထိပ်တန်းကစားသမားများဖြစ်သည့် မာနေး၊ ဒူရန်၊ ဘရိုဇိုဗစ်ချ်အစရှိသည့် ကစားသမားများ ပါဝင်ခဲ့ကြသည်။

ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အယ်လ်နာဆာအသင်း၏ အီရန်နိုင်ငံခရီးစဉ်တွင် စီရော်နယ်ဒို လိုက်ပါခဲ့သော်လည်း လူအုပ်ကြီးက စီရော်နယ်ဒိုကို ဝန်းရံခဲ့ကြရာ လူစုလူဝေးဖြစ်ပွားခဲ့သည့် အတွက် ယခုအခါတွင်လည်း စီရော်နယ်ဒို၏လုံခြုံရေးအပေါ် စိတ်ချရခြင်း မရှိသည့်အတွက် စီရော်နယ်ဒိုက အသင်းနှင့်အတူ လိုက်ပါခြင်း မရှိခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆု ဟိုက်စမစ်ဆွတ်ခူးရရှိ

ဖလော်ရီဒါ မတ် ၃

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ပမ်းဘိချ်တွင် ကျင်းပပြုလုပ်ခဲ့သော Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဟိုက်စမစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးရရှိခဲ့ကြောင်းယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဘရစ်ချ်မန်းနှင့် ဂျေဂျေစပေါင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် မက်ဂရီဇီနှင့် ဂရစ်ဖင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည့် ဟိုက်စမစ်သည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်းထိဆွတ်ခူးရရှိခဲ့ပြီးThe Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ဟိုက်စမစ်က "တစ်ရက်ပြီးတစ်ရက် ရလဒ်ကောင်းဖို့စိတ်ထဲမှာရှိခဲ့တယ်။ အောင်မြင်မှုရဖို့ကတော့ ကျွန်တော့်စိတ်ထဲကနောက်ဆုံးသော မျှော်မှန်းချက်တစ်ခုဖြစ်ပါတယ်။ ပြိုင်ပွဲလေးရက်စလုံးမှာ အကောင်းဆုံး လုပ်ပြနိုင်ခဲ့တယ်။




လေးရက်စလုံး အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့တယ်။ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့တာကို မယုံကြည်နိုင်လောက်အောင် အံ့သြမိနေဆဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# လာမည့်ရာသီအတွက် ကစားသမားရွေးချယ်ပွဲ ရောဝတီအမျိုးသမီးအသင်းပြုလုပ် ကစားသမား ၁၀ ဦးခန့်ထိ ရွေးချယ်မည်

ရန်ကုန် မတ် ၃

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ရောဝတီ အမျိုးသမီးအသင်းက လာမည့် ဘောလုံးရာသီသစ်အတွက်ကစားသမားရွေးချယ်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ မီးဒုံးအားကစားကွင်း(သုဝဏ္ဏ)တွင် ဆက်လက်ကျင်းပခဲ့ပြီး ကစားသမား ၁၀ဦးခန့်ထိ အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရောဝတီယူ အမျိုးသမီးအသင်းသည် ကစားသမားရွေးချယ်ပွဲ ပထမရက်အဖြစ် မတ် ၂ ရက်တွင် ကစားသမားဦးရေ ၅၀ ခန့်ထိ လာရောက်အရွေးခံခဲ့ပြီး ဒုတိယရက်ဖြစ်သည့် ယနေ့တွင် ကစားသမား ၄၅ ဦးခန့်ထပ်မံလာရောက်အရွေးချယ်ခံခဲ့ကာ စုစုပေါင်း ကစားသမားဦးရေ ၉၅ ဦးလာရောက်အရွေးခံခဲ့ကြသည်။

ရောဝတီ အမျိုးသမီးအသင်းသည် လာရောက်အရွေးချယ်ခံခဲ့သည့် ကစားသမား ၉၅ ဦးမှ ကစားသမား ၁၀ ဦးခန့်ထိ အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ပြီး အသစ်ရွေးချယ်ထားသည့် ကစားသမားများနှင့် ပြီးခဲ့သည့်ဘောလုံးရာသီက ကစားသမားဟောင်းများဖြင့် ဖွဲ့စည်းကာ ရာသီသစ်အတွက် ပြိုင်ပွဲဝင်ရောက်သွားမည်ဖြစ်သည်။

ရောဝတီအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကမှစတင်ကာ မြန်မာအမျိုးသမီးအသင်းလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းဖြစ်သော်လည်း အသင်းတွင် လက်ရွေးစင်အဆင့် ကစားသမားများဖြစ်သည့် စန်းသော်သော်၊နော်ထက်ထက်ဝေ အစရှိသည့် ကစားသမားများနှင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပထမဆုံးရာသီတွင် အဆင့်(၃)နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

STA



# Mexican Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို သောမတ်စ်မာချက် ဆွတ်ခူး



အကာပူလ် မတ် ၃

မက္ကဆီကိုနိုင်ငံအကာပူလ်ကိုမြို့တွင်ကျင်းပခဲ့သည့် Mexican Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ချက်တင်းနစ်ကစားသမား သောမတ်စ်မာချက်နှင့် စပိန်တင်းနစ် ကစားသမား ဖိုကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သောမတ်စ်မာချက်က (၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

သောမတ်စ်မာချက်သည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့် ၈ အဖြစ်သာ သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားများအား ကျော်ဖြတ်ကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

သောမတ်စ်မာချက်က "အံ့သြစရာကောင်းတဲ့ ခံစားမှုမျိုးရနေပါတယ်။ ဗိုလ်လုပွဲဟာအရမ်းကိုခက်ခဲခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဖိုကီနာအပေါ်ဖိအားပေးမှုတချို့ လုပ်နိုင်ခဲ့တယ်။ ဖိုကီနာကလည်း ကျွန်တော့်အပေါ်ဖိအားပေးမှုတွေပြန်လုပ်နိုင်ခဲ့တယ်။ ပထမပွဲငယ်ဟာ တော်တော်လေးကို ခက်ခဲခဲ့တဲ့ပွဲငယ်တစ်ပွဲဖြစ်တယ်။ tie-break အဆင့်အထိကစားခဲ့ရတယ်။ ပွဲကစားနေစဉ်အတွင်း ဖိုကီနာကိုစိတ်ရှုပ်ထွေးအောင် အသံကျယ်ကျယ်လောင်လောင်နဲ့ အော်ဟစ်ခဲ့တယ်။ ပြိုင်ပွဲမတိုင်မီရက်သတ္တပတ် နှစ်ပတ်အလိုကဖိုကီနာကို ကျွန်တော်ပြောခဲ့ဖူးတယ်။ ကျွန်တော်ဟာ ပွဲကြီးတွေမှာ ရှန်းကန်ရလေ့ရှိတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲပွဲကြီးမှာ ကျွန်တော်ဖိုကီနာနဲ့ထိပ်တိုက်တွေ့ဆုံခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# စုပေါင်းစီမံခန့်ခွဲမှုဖြင့် အောင်မြင်နေ တရုတ်နိုင်ငံမှ ယူအန်းစပါးမြေ

စိုးမိုးဝင်း (စိုက်ပျိုးရေး)

ကမ္ဘာပေါ်တွင် လူတို့သည် တစ်ဦးတစ်ယောက်တည်း အလုပ်လုပ်ခြင်းမျိုးမဟုတ်ဘဲ အဖွဲ့အစည်းများဖွဲ့ပြီးအတူတကွပူးပေါင်း၍ အလုပ်လုပ်ကြသည်။ အဖွဲ့အစည်းများဖွဲ့စည်းကြရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆောင်ရွက်ကြပုံချင်း မတူညီကြပါ။

ကိုရီးယားနိုင်ငံတွင် ကျေးရွာများဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိကိုယ်ကို အားကိုးရေး၊ လုံ့လဝီရိယဖြင့် တာဝန်ဝတ္တရားကျေပွန်အောင် ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဟူသည့် စိတ်ဓာတ်များဖြင့် ကျေးရွာသစ်လှုပ်ရှားမှုလုပ်ငန်းများနှင့် ချွေတာရေး၊ ငွေစုဆောင်းရေး၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရေးဟူသည့် စိတ်ဓာတ်များဖြင့် ကျေးရွာငွေတိုက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

၁၉၇၆ ခုနှစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဝင်ငွေနည်းသည့် လက်မှုလုပ်ငန်းများဖြင့် အသက်မွေးသောသူများအတွက် ငွေချေးပေးခြင်းမှ စတင်ကာ ၁၉၈၃ ခုနှစ်တွင် အပေါင်ပစ္စည်း၊ အာမခံပစ္စည်းမလိုဘဲ အသေးစားငွေချေးခြင်းလုပ်ငန်းကို အဓိကထားဆောင်ရွက်သော လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ် "ဂရာမင်ဘဏ်" တစ်ခုဖြစ်လာအောင် ဆောင်ရွက်ခဲ့ကြသည်။

ဂျာမဏီနိုင်ငံမှာ လယ်သမားများ၏ ငွေစုငွေချေးသမဝါယမအသင်းများကို ၁၈၆၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး "အများအကျိုးကို တစ်ဦးစီကဆောင်ရွက်၍ တစ်ဦးစီအတွက် အများကဆောင်ရွက်သည်" ဟူသော သမဝါယမဆောင်ပုဒ်ကို တီထွင်ပြီး ဆောင်ရွက်ခဲ့ကြသည်။ ၁၉၀၅ ခုနှစ် မြန်မာနိုင်ငံတွင် သမဝါယမအသင်းများကို စတင်တည်ထောင်ခဲ့ပြီး အများစုပေါင်း၍ ကုန်ထုတ်လုပ်ခြင်းနှင့် ကုန်ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကာ တရားသဖြင့်ရသည့်အကျိုးအမြတ်ကို မျှတစွာ ခံစားသည့်လုပ်ငန်းဟု သတ်မှတ်ကာ ဆောင်ရွက်ခဲ့ကြသည်။

**ယူအန်းစပါးမြေ (Yushang Land of Rice)**

၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်မှ ၁၇ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နှင့် ဇီကျန်းပြည်နယ်တို့တွင် ကျင်းပခဲ့သော "အာဆီယံဒေသတွင်းရှိကျေးလက်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒစ်ဂျစ်တယ်စိုက်ပျိုးရေးဆိုင်ရာဆွေးနွေးပွဲ" သို့ တက်ရောက်ခဲ့ရသည်။ တရုတ်နိုင်ငံသည် များစွာတိုးတက်လျက်ရှိနေပြီး လေ့လာစရာများပြားသကဲ့သို့ အားကျစရာ၊ အတုယူစရာများစွာလည်းရှိသည်။

လေ့လာခဲ့ရသောနေရာများထဲမှ "ယူအန်းစပါးမြေ"သည် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်သည်။ ယူအန်းစပါးမြေတွင် တရုတ်နိုင်ငံမြေယာဧရိယာအခေါ်အဝေါ်အရ မြူ ၃၀၀၀၀ ရှိပြီး မြန်မာမြေယာအခေါ်အဝေါ်အရ ၄၉၄၁ ဧက (၁ မြူ= သုညဒသမ ၁၆၄၇ ဧက) ရှိသည်။ ကျေးရွာပေါင်း ရှစ်ရွာဖြင့်ဖွဲ့စည်းထားသည်။ ကျေးရွာ ရှစ်ရွာ ပေါင်းစပ်ထားပြီး အားလုံး ကြွယ်ဝချမ်းသာမှုကို အတူတကွရရှိရန် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ကြသည်။

ပထမရည်မှန်းချက်အနေဖြင့် ကျေးရွာ၏ အခြေခံအဆောက်အအုံများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြသည်။ ထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုမှာ ရေထုတ်စနစ်များကို ကောင်းမွန်စေရန်အတွက် အရှည် မီတာ ၂၀၀၀၀ ရှိ ရေနုတ်မြောင်းကို တည်ဆောက်နိုင်ခဲ့သည်။

ဒုတိယရည်မှန်းချက်အနေဖြင့် မြေယာစီမံခန့်ခွဲမှုကို အဆင့်မြှင့်တင်ခြင်းဖြစ်သည်။ မြေယာများကို စုစည်းရန် ကြိုးစားကြသည်။ အထူးသဖြင့် တောင်သူတစ်ဦးချင်းစီမှ မြေယာများကိုစုစည်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုမြေယာများကို စုပေါင်းစီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သည်။ စုပေါင်းစီမံခန့်ခွဲမှုအောက်မှာ မြေယာများကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များရှိသည့် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုကြသည်။ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာသစ်များကို လက်ခံကျင့်သုံးကြသည်။ မြေယာကို ကောင်းစွာ စီမံခန့်ခွဲနိုင်ပြီး စိုက်ပျိုးမှု၊ ထိန်းသိမ်းမှု၊ ရိတ်သိမ်းမှုတွင် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဆောင်ရွက်နိုင်ခဲ့သည်။



စပါးခင်းများကို ဥာဏ်ရည်အသုံးပြုစောင့်ကြည့်စစ်ဆေးခြင်းစနစ်ဖြင့် စစ်ဆေးခြင်း။

တတိယရည်မှန်းချက်အနေဖြင့် ကျေးရွာတစ်ခုလုံးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စုပေါင်းစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်းဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများမှာ စုပေါင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးကြသည်။ စုပေါင်းစီမံခန့်ခွဲမှုတွင် အဓိကအားဖြင့် ကဏ္ဍသုံးခုပါဝင်သည်။

ပထမကဏ္ဍမှာ ဒစ်ဂျစ်တယ်စီမံခန့်ခွဲမှု(Digital Management)ဖြစ်သည်။ ဖုန်းများတွင် အပလီကေးရှင်းများအသုံးပြုခြင်းကို ပထမဦးစားပေးနေရာ၌ထားပြီး ဆောင်ရွက်ကြသည်။ ကျေးရွာနယ်မြေတစ်ခုချင်းစီအတွက် ဒစ်ဂျစ်တယ်စီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရန် အဓိကထားသည်။ ၎င်းတို့၏ ထုတ်ကုန်များအတွက် နောက်ကြောင်းပြန်လည်စစ်ဆေးနိုင်သောစနစ်ကို အသုံးပြုကြသည်။

ဒုတိယကဏ္ဍအနေဖြင့် အီလက်ထရွန်နစ်ရောင်းဝယ်ရေး(E-commerce)ကို ကျင့်သုံးပြီး စီမံခန့်ခွဲခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။ အီလက်ထရွန်နစ်ရောင်းဝယ်ခြင်းလုပ်ငန်းတွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကိုရောင်းချရန်အတွက် အလီဘာဘာကုမ္ပဏီ၏ ကလောက် (Alibaba's cloud) ကို အသုံးပြုသကဲ့သို့ အခြားဝက်ဆိုဒ်များကိုလည်း အသုံးပြုကြသည်။ ထို့အတူ အွန်လိုင်းတွင် ရောင်းချနိုင်ရေးအတွက် ကွန်ရက်လမ်းကြောင်းများစွာကို အသုံးပြုကြသည်။

တတိယကဏ္ဍအနေဖြင့် အချက်အလက်စီမံခန့်ခွဲမှု (Data management) ပင်ဖြစ်သည်။ အချက်အလက်များသည် ယဉ်ကျေးမှုဆိုင်ရာလမ်းကြောင်းပေါ်တွင် ထင်ရှားစွာပေါ်လွင်လာသည်။ အချက်အလက်များကို စီမံခန့်ခွဲကိုင်တွယ်နိုင်ရန်အတွက် ပိုမိုလွယ်ကူလာသည်။

**ယူအန်း၏ အောင်မြင်မှုများ**

ကျေးရွာများမှ မြို့များသို့ သွားရောက်၍ အလုပ်လုပ်နေကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ လူငယ်များကိုလည်း ပြန်လည်ဖိတ်ခေါ်ပြီး ကျေးရွာတည်ဆောက်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်နိုင်အောင် ဆွဲဆောင်ကြသည်။ ထိုလူငယ်များသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ကြသည်။ ကျောင်းသားများသည်လည်း စိုက်ပျိုးရေးထုတ်လုပ်မှုလုပ်ငန်းများတွင် လေ့လာနိုင်ပြီး ကျေးရွာပြန်လည်ရှင်သန်တက်ကြွလာစေခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်တွင် ရွာ၏ တစ်နှစ်တာဝင်ငွေအဖြစ် တရုတ်ငွေယွမ် ၂၈၅၀၀၀ ရှိခဲ့ပြီး လက်ရှိ နှစ်စဉ်ဝင်ငွေမှာ ယွမ် ၇၀၀၀၀၀ ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ကျေးရွာများ၏ ဆန်းသစ်သော စီမံခန့်ခွဲမှုအနေဖြင့် "စုပေါင်းစီမံခန့်ခွဲမှုစနစ်" ကို ကျင့်သုံးခဲ့သည်။ စုပေါင်းစီမံခန့်ခွဲမှုအောက်တွင် ကျေးရွာ၏ မြေယာများကို ပိုမိုကောင်းမွန်အောင် စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ အများပူးပေါင်းဆောင်ရွက်သောကုမ္ပဏီကို တည်ထောင်ခဲ့ပြီး ကျေးရွာများ၏ ရှယ်ယာ ၁၀၀ ရာခိုင်နှုန်းပါဝင်ခဲ့သည်။

ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းအားမြှင့်တင်နိုင်ရန် လုပ်ငန်းများစွာ ဆောင်ရွက်ခဲ့သည်။ အချို့စားသုံးသူများသည် ဈေးကြီးသည့်ဆန်များကို မဝယ်နိုင်ကြသည့်အတွက် ဈေးကြီးသည့်ဆန်ကို ရောင်းမည့်အစား ဆန်ဘီစကစ်နှင့် ဆန်ဖြင့် ပြုလုပ်ထားသောမုန့်သရေစာများပြုလုပ်ရောင်းချခြင်း၊ လက်ဆောင်ပစ္စည်းခြင်းများပြုလုပ်ရောင်းချခြင်း၊ ဆန်အရက်ပြုလုပ်ရောင်းချခြင်းတို့ဖြင့် နည်းလမ်းသစ်များကို ဖန်တီးကာဆန်ကို တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်၍ ရောင်းချသည်။ ထိုကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် ရောင်းချသည့်အတွက် ၎င်းတို့၏ ကိုယ်ပိုင်တံဆိပ်သည်လည်း ထင်ရှားကျော်ကြားလာသည်။

လက်ရှိအခြေအနေတွင် အလီဘာဘာကုမ္ပဏီနှင့် ပူးပေါင်း၍ စပါးခင်းများအတွက် ဒစ်ဂျစ်တယ်စီမံခန့်ခွဲမှုကို ဆောင်ရွက်လျက်ရှိသည်။ စပါးခင်းများအားလုံးအတွက် ဒစ်ဂျစ်တယ်စီမံခန့်ခွဲမှုတွင် ဒစ်ဂျစ်တယ်ကိရိယာများကို ပိုမိုအသုံးပြုနိုင်လာသည်။ ကျေးရွာ၏ ၂၄၀၀ မြူ (၃၉၅ ဒသမ ၂၈ ဧက) ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး ၈၇ မြူ (၁၄ ဒသမ ၃၃ ဧက)ကို အစိမ်းရောင်အိမ်များဖြင့် စိုက်ပျိုးနိုင်လာသည်။ ကျေးရွာများသည် စိုက်ပျိုးရေးကို ပိုမိုလုပ်ကိုင်ချင်လာကြသည်။ စိုက်ပျိုးရေးထွက်ကုန်များသည်လည်း ဈေးကွက်တွင် နေရာရလာကြသည်။ ကျေးရွာ၏မြေယာ ၉၈ ရာခိုင်နှုန်းသည် စုပေါင်းစီမံခန့်ခွဲမှုအောက်တွင် အတူတကွဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

**ယူအန်း၏ ထူးခြားသောစနစ်များ**

မြေယာများကို စိုက်ပျိုးရေးဆိုင်ရာ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး ကုမ္ပဏီတစ်ခုချင်းစီမှ ကျေးရွာ ရှစ်ရွာ၏ စပါးခင်းများကို တာဝန်ယူဆောင်ရွက်ကြသည်။ ၎င်းတို့၏ တာဝန်များမှာ မြေယာကာကွယ်ခြင်းနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းတို့ဖြစ်ပြီး ကျေးရွာ ရှစ်ရွာ၏ စပါးခင်းများကို အထက်စီးမြင်ကွင်းမှ ကြည့်ရှု၍ စောင့်ကြည့်စစ်ဆေးခြင်း၊ မြေဆီလွှာအစိုဓာတ်အခြေအနေနှင့် ပြောင်းလဲမှုများကိုစောင့်ကြည့်စစ်ဆေးခြင်း၊ မြေယာကို စောင့်ကြည့်စစ်ဆေးခြင်း၊ စက်ပစ္စည်းများကို စစ်ဆေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ကျေးရွာများအတွင်း စိုက်ပျိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြပြီး စံပြကျေးရွာသစ်များအဖြစ် ထင်ရှားစွာ ဆောင်ရွက်ကြသည်။ စပါးစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းများပါ ပူးတွဲဆောင်ရွက်လာကြခြင်းကြောင့် အပိုဝင်ငွေများလည်း ရရှိလာကြသည်။ ဤသို့ဖြင့် နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းခရီးသွားများကို ဆွဲဆောင်ပြီး စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြသည်။

ကျေးရွာများသို့ လာရောက်လေ့လာကြသော လေ့လာသူများကို ၎င်းတို့၏ ကြိုက်နှစ်သက်မှုနှင့်ပတ်သက်၍ အချက်အလက်များရယူကာ စိုက်ပျိုးရေးဆိုင်ရာ ဟင်းလျာများနှင့် အစားအစာများ၏ အနံ့၊ အရသာတို့အပေါ်မူတည်၍ ၎င်းတို့နှင့် သင့်တော်သော အစားအစာကို ထောက်ခံချက်ပေးသည့် စနစ်ကိုလည်း ကျင့်သုံးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများကို စီမံခန့်ခွဲရန်နှင့် ထိန်းညှိရန်အတွက် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပါဝင်သည့် Agricultural code စနစ်ကို ကျင့်သုံးနေပြီး သီးနှံထွက်ကုန်များကို ရိတ်သိမ်းချိန်မှ ပြုပြင်မွမ်းမံပြင်ဆင်ထုတ်ပိုးခြင်းလုပ်ငန်းများထိ ဤစနစ်အောက်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြသည်။

**စုပေါင်းစီမံခန့်ခွဲမှု**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားတစ်ဦးချင်း၏စွမ်းရည် လိုအပ်သည်မှန်သော်လည်း လူသည် တစ်ဦးတည်း အလုပ်လုပ်နိုင်သောသူမဟုတ်ဘဲ အသင်းအဖွဲ့၊ အဖွဲ့အစည်းဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ကြရသည်။ ထို့ကြောင့် လူသားအရင်းအနှီး (Human Capital) ထက် အသင်းအဖွဲ့၊ အဖွဲ့အစည်းအရင်းအနှီး (Social Capital) သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို၍အရေးကြီးသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများမှာ အဖွဲ့အစည်းများသည် ကဏ္ဍစုံတွင် တည်ရှိနေပြီး ရှိနေသည့်အဖွဲ့အစည်းများသည်လည်း ခိုင်မာတောင့်တင်း၍ အင်အားကောင်းကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်ကြသည်။

ကျေးရွာသည် နိုင်ငံ၏အသေးဆုံးယူနစ်ဖြစ်သည့်အတွက် ကျေးရွာများကိုစုစည်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုဖြည့်ဆည်းပေးနိုင်သည်။ ကျေးရွာများစုစည်းပြီး စုပေါင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးကာ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အားလုံး အတူတကွကြွယ်ဝချမ်းသာမှုကို ရယူနိုင်အောင် ကြိုးစားသင့်ပါကြောင်း တရုတ်နိုင်ငံမှ ယူအန်းစပါးမြေအကြောင်း အတုယူနိုင်စေရန် ရေးသားဖော်ပြလိုက်ပါသည်။

# သွေးမြစ်ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံများ၌ မတ်လဒုတိယပတ်တွင် ရုံတင်ပြသမည်




ရန်ကုန် မတ် ၃

3H Productionက ရိုက်ကူးထုတ်လုပ်သည့် သွေးမြစ်ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံများ၌ မတ်လဒုတိယပတ်တွင်ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်ထားသူ ကျော်ဇေယျက ပြောပြ၍ သိရသည်။

အဆိုပါ သွေးမြစ်ရုပ်ရှင် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကိုအောင်ချမ်းလူက ရေးသားထားပြီး အောင်ချမ်းလူကပင် ဒါရိုက်တာအဖြစ် 3H Production အတွက် တာဝန်ယူရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"လူတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှု၊ တဏှာ၊ လောဘရမ္မက်နှင့် အချစ်ကြီးမှု ၊ သစ္စာတရားတို့ဖြင့်ဇာတ်အိမ်တည်ထားတဲ့ ဇာတ်ကားကောင်း တစ်ကားဖြစ်ပါတယ်။ ''၃က''ရုပ်ရှင်ဇာတ်ကားနဲ့ နာမည်ရခဲ့တဲ့ ဒါရိုက်တာ အောင်ချမ်းလူရဲ့ ဒုတိယမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်သလို ထွန်းထွန်းရဲ့ လေးနှစ်ကျော်ကြာမှ ရုပ်ရှင်ပိတ်ကားပေါ်ပြန်လည်ရောက်ရှိလာတဲ့ ဇာတ်ကားလဲ ဖြစ်တာကြောင့် သူတို့နှစ်ယောက်အတွဲကို ဒီဇာတ်ကားမှာ ကြည့်ရှုခွင့်ရမှာပါ။ ထူးခြားချက်အနေနဲ့ အသက် ၆၀ ကျော်အရွယ် တံငါရွာလေးမှာ နေထိုင်တဲ့ ဦးစွတ်ပလွန်မနီးရဲ့ ဝါရင့်သရုပ်ဆောင်တွေနဲ့ အပြိုင်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်ချက်တွေလဲ မြင်ရမှာပါ" ဟု သရုပ်ဆောင် ကျော်ဇေယျက ပြောပြသည်။

သွေးမြစ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်ထွန်းထွန်း၊ ကျော်ဇေယျ၊ စွတ်ပလွန်မနီး၊ မေရီမျိုးနှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အတ္တရောင် ထူးချွန်ဆု ရုပ်သံဇာတ်လမ်းတွဲ Media Press Show ကျင်းပ

ရန်ကုန် မတ် ၃

Channel-7 မှ မတ်လ ၅ ရက်တွင် ထုတ်လွှင့်သွားမည့် အတ္တရောင် ထူးချွန်ဆုရုပ်သံဇာတ်လမ်းတွဲ Media Press Show ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Kan-taryar Shopping Mallရှိ Ran-goon Cineplex ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အတ္တရောင်ထူးချွန်ဆုဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မင်းတော်ဝင်က ရေးသားထားခြင်းဖြစ်ပြီး မင်းတော်ဝင်နှင့် ပိုင်စိုးသူမောင်က ဇာတ်ညွှန်းရေးသားထားကြကာ ဒါရိုက်တာ ထွဋ်တင့်ထွန်းက ELLA ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဖန်တီးပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။



"ကျွန်တော့်အနေနဲ့ အမေမွေးရဲ့ဇာတ်ကားတွေ ကြည့်ပြီးတော့ အမေမွေးနဲ့ သားအမိ ကားတွေလဲ ရိုက်ချင်ခဲ့တယ်။ Ella Production ဇာတ်လေးရှိလား မေးချိန်မှာ ကိုယ်ရေးထားတဲ့ ဇာတ်လေးပြဖြစ်ခဲ့တယ်။ သားတစ်ယောက်ရဲ့ ကာရိုက်တာနေရာမှာ ကျွန်တော်ပဲနေချင်တာ ပြောဖြစ်ခဲ့တယ်။ ကျွန်တော့်အနုပညာကို ယုံကြည်ပြီးတော့ ဒီဇာတ်လေး အမေမွေးနဲ့ ရိုက်ခွင့်ရခဲ့တာပါ။ ပရိသတ်တွေအနေနဲ့ လိုအပ်ချက်တွေ ထောက်ပြဝေဖန်ပေးပါအုံးလို့ပြောချင်ပါတယ်"ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ မင်းတော်ဝင်က ပြောပြသည်။

အဆိုပါ အတ္တရောင်ထူးချွန်ဆုဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မို့မို့မြင့်အောင်၊ မင်းတော်ဝင်၊ ရဲလွင်ဦး၊ ထွန်းပုလဲရတနာတို့နဲ့အတူ ဝါရင့်သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အတ္တရောင် ထူးချွန်ဆု ရုပ်သံဇာတ်လမ်းတွဲကို မတ် ၅ ရက်နေ့မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၉ နာရီတွင် Channel-7 က ထုတ်လွှင့်ပြသ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Beekeeper-2 ဇာတ်ကားသစ်တွင် ကမ္ဘာကျော် အက်ရှင်မင်းသားဂျေဆင်စတာသမ် ပြန်လည်ပါဝင်မည်ဖြစ်

နယူးယောက် မတ် ၃

Amazon MGM စတူဒီယို၏ The Beekeeper နောက်ဆက်တွဲ ဇာတ်ကားသစ်တွင် ကမ္ဘာကျော် အက်ရှင်မင်းသား ဂျေဆင်စတာသမ် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း မတ်၂ ရက်သတင်းများအရ သိရသည်။

The Beekeeper - 2 ဇာတ်ကားကို Nobody- 2 ဒါရိုက်တာ တီမိုဂျာဂျန်တိုက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မူလ The Beekeeper (2024) ဇာတ်ကားတွင် မင်းသား ဂျေဆင်စတာသမ် သည် The Beekeeper အမည်ရှိ အဖွဲ့အစည်းတစ်ခုအတွက် အလုပ်လုပ်ပေးနေသော ထောက်လှမ်းရေး သမားဟောင်းတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

The Beekeeper-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ်ဆောင်းရာသီအတွင်း စတင်ရန် Amazon MGMက စီစဉ်ထားကြောင်း သိရသည်။

မူလ The Beekeeper (2024) ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အေယာက ရိုက်ကူးပေးခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၃ သန်း ရရှိခဲ့သည်။

The Beekeeper-2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Am-azom MGMက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# အော်စကာဆုချီးမြှင့်သူအဖြစ်ပါဝင်မည့်အစီအစဉ် မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ် ဖျက်သိမ်း

နယူးယောက် မတ် ၃

မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်သည် ကျန်းမာရေးအခြေအနေကြောင့် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ ဆုချီးမြှင့်သူအဖြစ်ပါဝင်မည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း မတ် ၂ ရက် သတင်းများအရ သိရသည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ ဆုများပေးအပ်ချီးမြှင့်မည့် အနုပညာရှင်များ စာရင်းထဲတွင် မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်လည်း ပါဝင်ခဲ့သည်။

သို့ရာတွင် လူကြီးကျောက်ရောဂါတစ်မျိုးကြောင့် အော်စကာဆုပေးပွဲ၌ ဆုချီးမြှင့်သူအဖြစ်ပါဝင်မည့် အစီအစဉ်ကို မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်က ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်သည် Shingles ခေါ် ရေယုန်ကြီးရောဂါဖြစ်ပွားနေမှုကို ဖေဖော်ဝါရီ ၁၈ ရက်က စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲကို မတ် ၂ ရက်တွင် လော့စ်အိန်ဂျလီစ်မြို့ ဘီဗာလီဟေးဒေသ ဘီဗာလီဟီတန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲကို ABC ရုပ်သံဌာနမှ တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# The Bitter End ဇာတ်ကားသစ်တွင် မင်းသမီး အစ္စဘဲလား ရိုစီလီနီ ပါဝင်မည်

နယူးယောက် မတ် ၃

The Bitter End အမည်ရှိ ဒရာမာဇာတ်ကားသစ်တွင် မင်းသမီး အစ္စဘဲလားရိုစီလီနီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်းမတ် ၂ ရက် သတင်းများအရ သိရသည်။

The Bitter End ဒရာမာဇာတ်ကားသည်ဗြိတိန်နန်းစွန့်ဘုရင် အက်ဒွပ်- ၈ ၏ ဇနီး အမေရိကန်နိုင်ငံသူ ဝဲလစ်ဆင်ပဆင်၏ ဘဝကို အခြေခံရိုက်ကူးမည့် ဇာတ်ကား ဖြစ်သည်။

ဗြိတိန်ဘုရင် အက်ဒွပ်-၈ သည် အမေရိကန် တစ်ခုလပ် အမျိုးသမီး ဝဲလစ်ဆင်ပဆင်ကို လက်ထက်နိုင်ရန် ဗြိတိန်ထီးနန်းကို စွန့်လွှတ်ခဲ့သူဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသမီး ရိုစီလီနီသည် မင်းသမီး ဂျီအန်ကောလင်းနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Bitter End ဇာတ်ကား၌ ဝဲလစ်ဆင်ပဆင်၏ နေရာတွင် မင်းသမီး ဂျီအန်ကောလင်းက သရုပ်ဆောင်မည်ဖြစ်ပြီး ရိုစီလီနီကမူ ဝဲလစ်ဆင်ပဆင်၏ မိတ်ဆွေပြင်သစ်အမျိုးသမီးရှေ့နေဆူဇန်ဘလမ်းအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း၊အဆိုပါဇာတ်ကားကို အင်္ဂလိပ် ဒါရိုက်တာ မိုက်နီဝဲက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

Ref : Sputnik News

Trs : KKO



# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Russian Federation



Senior General Min Aung Hlaing receives a State Guard of Honour welcome.



Senior General Min Aung Hlaing inspects the State Guard of Honour.

**Nay Pyi Taw March 3**

A high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing left Nay Pyi Taw Tatmadaw Airport by special flight this morning to pay an official goodwill visit to Russian Federation at the invitation of President H.E. Vladimir Vladimirovich Putin.

The Senior General and delegation were seen off at the airport by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC members, union ministers, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, and officials of Russian Embassy in Myanmar and Military Attache Office.

Together with the Senior General, members of the delegation, Joint SAC Secretary General Ye Win Oo, SAC member General Nyo Saw, union ministers, U Than Swe, Admiral Moe Aung, Dr Kan Zaw, U Ko Ko Lwin, Dr Myo Thein Kyaw, Bago Region Chief Minister U Myo Swe Win, senior military officers from Office of Commander-in-Chief, deputy ministers, military and civilian officials, left the airport on the same flight.

During the visit, meetings will be held with Russian government officials including President of Russian Federation H.E. Vladimir Vladimirovich Putin, the Prime Minister of Russia, speakers of Russian parliaments, and the talks will be centred on further promotion of strategic cooperation in friendship, economy, security affairs and multiple sectors between the governments and peoples of the two countries.

The delegation led by the Senior General arrived at Vnukovo International Airport in Moscow in the evening at local time and were welcomed by Minister of Economic Development of Russia Mr. Maxim Reshetnikov, the Deputy Minister of Foreign Affairs and officials, Myanmar Ambassador to Russia U Thit Lin Ohn, Russian Ambassador to Myanmar H.E. Mr. Iskander Azizov, and Myanmar Military Attache (Army, Navy and Air) Brig-Gen Moe Kyaw.

The State Guard of Honour of Russia welcomed the Senior General in accord with the tradition of welcoming the state leaders who are on a state visit. He then took the salute of the Guard of Honour on the dais, while the Guard of Honour played the national anthems of the two countries.

The Economic Development Minister introduced the Senior General to officials of the Russian government and the Senior General greeted the welcoming party together with the delegation.

Then the Guard of Honour marched past the Senior General.

This year marks the 77th Anniversary of Russia-Myanmar diplomatic relations and both countries are witnessing the progress in bilateral diplomatic relations, exchanging visits of state-level dignitaries, and multisector cooperation, and efforts will be made for further promotion of bilateral relations.

100

# 253 more illegal foreign entrants detained in Myanmar



An additional 253 illegal foreign nationals have been detained.

**Nay Pyi Taw March 3**

A total of 253 illegal foreign entrants have been further identified and detained today as part of ongoing investigations into individuals involved in online gambling, online scams, and criminal activities in Myawady Town and the Shwe Kokko area of Kayin State. These individuals had entered Myanmar illegally through border routes, having transited through neighboring countries, including Thailand.

Authorities are now working in coordination with relevant departments to collect and document the personal details of the detainees to facilitate their repatriation to their respective countries as soon as possible.

Between January 30 and March 3, 2025, a total of 3,727 illegal foreign entrants have been identified and detained across Myanmar. Of these, 757 individuals have already been repatriated to their respective countries via Thailand in accordance with legal procedures. The remaining 2,970 individuals are now prepared for transfer, and they are currently being held under proper detention conditions.

The state is actively working to identify, arrest, and take strict legal action against foreign nationals involved in online scam operations and their backers. Additionally, Myanmar is cooperating closely with relevant authorities to expedite the repatriation of distressed foreign nationals and victims of human trafficking to their home countries.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# High-level delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays obeisance to Sayadaws at Myanmar Theravada Buddhist Centre



Senior General Min Aung Hlaing offers alms to Sayadaw Maha Suddhama Jotika Dhaja Dr Bhaddanta Isariya.

**Nay Pyi Taw March 3**

A high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, which is paying an official friendly visit to Russia Federation, accompanied by Myanmar Ambassador to Russia Federation U Thit Lin Ohn and the Myanmar military attaché (Army, Navy, Air) to Russia, paid a visit to the Myanmar Theravada Buddhist Centre in Moscow and paid obeisance to the Sayadaw this evening local time.

First, the Senior General and delegation visited the Myanmar Theravada Buddhist Centre in Moscow and paid obeisance to presiding Sayadaw Maha Suddhama Jotika Dhaja Dr Bhaddanta Isariya in the Suddhama Jotika ordination hall to inquire about religious matters, accommodation and transportation, requirements for the Buddhist centre, religious activities to propagation of Buddhism in Russia before attending to the needs.

Then, the Senior General and delegation received the five precepts from the Sayadaw and meditated on sermons delivered by the Sayadaw.

Then, the Senior General and delegation offered cash and donations for the Sayadaw and monks.

The Myanmar Theravada Buddhist Centre in Moscow was established with the donations of the families of the Tatmadaw (Army, Navy, Air) , families of the Embassy of Myanmar to Russia Federation, the office of the Military Attaché of Myanmar to Russia and those who are studying in Russia on scholarship led by the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla with the aim of the propagation of the Buddha Sasana under the guidance of State Ovada Cariya Shwekyin Nikara Chairman Ghanadhipati Saulasama head of the Shwe Kyin sect Chancellor of Sitagu Buddhist Universities and Sitagu Hospitals Abhidhama Maha Ratha Guru Abhidhama Agga Maha Suddhama Jotika Dhaja Maha Dhamma Kahtika Bhahu Jhana Hita Dhara Sitagu Sayadaw Dr Bhaddanta Nyarnisyssara and Professor (Head of Department) of the International Buddhist Missionary University Dhammaduta Sayadaw Dr Ashin Cekinda in 2013 and the merit sharing ceremony for the centre was held in 2015. Similarly, under the guidance of the Sitagu Sayadaw, with the aim of practicing meditation at Myanma Theravada Buddha Vihara was built with the donations of the families of the Tatmadaw (Army, Navy, Air), families of the Embassy of Myanmar to Russia Federation, the office of the Military Attaché of Myanmar to Russia and those who are studying in Russia on scholarship led by the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla and the merit sharing ceremony of the building was held in 2021. At present, the centre has become a hub for Buddhists in Russia and neighbouring countries.

100

# Kyaiklat Township ships over 180,000 visses of fish paste to Yangon in January

**Kyaiklat March 3**

A total of 185,000 visses of fish paste from Kyaiklat Township, Pyapon District, Ayeyawady Region were shipped to the Yangon market in January, said Daw Aye Than, a fish paste and dried fish trader in Kyaiklat Township.

Kyaiklat Township sold only 110,000 visses of fish paste to the Yangon market in December 2024, and from January 1 to 31, 2025, 185,000 visses of fish paste were sold. The increase in sales was due to the purchase of these fish pastes from the Yangon market.

"The fish paste produced in Kyaiklat Township is mostly sent to the Yangon market. This strong purchase also creates employment opportunities in the region. Currently, fish paste is being purchased from other areas besides the Yangon market. We are preparing to sell it," she said.

The prices of these fish paste were ranged from 11,000 to 49,000 kyats per viss, depending on the variety.

KKL



Fish paste seen at a market.

# Pigeon pea harvest completed on more than 21,820 acres in KhinU Township

**KhinU March 3**

According to records from the KhinU Township Agriculture Department, the pigeon pea crops cultivated during the monsoon season have now been fully harvested on 21,820 acres of croplands.

During the monsoon planting season, a total of 21,820 acres of pigeon peas were cultivated in KhinU Township. The harvesting process, which began in December 2024, has now been completed. The average yield per acre was reported to be 18.02 baskets.

"The entire 21,820 acres of pigeon pea crops planted in KhinU Township have now been fully harvested. There is potential to expand the cultivation area further, and efforts are being made to improve productivity. Farmers grow pigeon peas both as a separate crop and through intercropping," said U Nay Win Naing, Head of the KhinU Township Agriculture Department.

The township's Agriculture Department is assisting pigeon pea farmers by providing guidance on high-quality seed selection, proper planting techniques, pest control measures, and yield improvement strategies.

Moreover, the department is promoting cost-effective fertilizer use by encouraging farmers to mix urea and lime fertilizers. This technique has been found to reduce farming expenses, protect crops from pests, and improve plant growth.

206

# WHO calls for more investment in infection prevention, control in Western Pacific region

**Manila March 3**

A new World Health Organization (WHO) report released Monday exposed "dangerous gaps" in infection prevention and control systems across six countries in the Western Pacific region: Cambodia, Laos, Papua New Guinea, the Philippines, Solomon Islands, and Vietnam.

The report, Infection Prevention and Control Systems in Six Priority Countries in the Western Pacific Region, highlighted the need for these countries to strengthen monitoring and evaluation to guide action to boost infection prevention and control (IPC) programs.

Strong IPC measures, such as hand hygiene, aseptic technique, environmental cleaning, and patient isolation or cohorting precautions, minimize the risks to patients and their health.

While all six countries have established national IPC programs, the report said that policy implementation gaps exist with limited compliance monitoring, and efforts rely too heavily on external funding.

The report comes amid growing recognition of the importance of IPC in the wake of the COVID-19 pandemic.

The report calls on member states to strengthen commitments to IPC through increased financial and policy support, adding that the commitment is essential to building resilient health systems that can withstand future health emergencies while providing daily safe care.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က နာနိုကင်းထောက်ဒရုန်းများကို ဂျာမနီတပ်မတော်သို့ ရောင်းချပေးသွားရန် စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံ Teledyne FLIR Defense ကုမ္ပဏီသည် တစ်ကိုယ်ရေသုံး Black Hornet 4 နာနိုကင်းထောက်ဒရုန်းများကို ဂျာမနီတပ်မတော်သို့ ရောင်းချပေးသွားရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်တွင် နာနိုကင်းထောက်ဒရုန်းနှင့်ဆက်စပ်အပိုပစ္စည်းများ၊ လေ့ကျင့်သင်တန်းပေးခြင်းများ ပါဝင်မည်ဖြစ်ပြီး အရေအတွက် မည်မျှရောင်းချပေးသွားမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

နှစ်ဦးသဘောတူ ဝယ်ယူရေးစာချုပ်အရ လုပ်ငန်းများဆောင်ရွက်မှုကို ဂျာမနီနိုင်ငံ Wuppertal မြို့ ဒေသဆိုင်ရာဖြန့်ချိရေးကုမ္ပဏီတစ်ခုဖြစ်သည့် European Logistic Partners (ELP) နှင့် ပူးပေါင်း၍ အချိန်ကာလ နှစ်နှစ်ကျော်ကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Teledyne FLIR ကုမ္ပဏီက ယခု ဂျာမနီစစ်ဘက်ထံ ရောင်းချမှုအပါအဝင် နိုင်ငံပေါင်း ၅၀ ခန့်ထံ Black Hornet 4 နာနိုဒရုန်းအစင်းရေ ၃၃၀၀၀ ကျော်ထိ ရောင်းချပေးထားပြီးဖြစ်သည်။ နော်ဝေနိုင်ငံတွင် ထုတ်လုပ်ထားသော Black Hornet နည်းပညာကို ယူကရိန်းတပ်မတော်၌ အသုံးပြုလျက်ရှိပြီး အမေရိကန်စစ်ဘက်တွင်လည်း ပိုင်ဆိုင်ထားသေးသည်။ အမေရိကန် တပ်မတော်တွင် လက်ဖြင့်ပစ်လွှတ်နိုင်သော ဒရုန်းအမျိုးအစားအသုံးပြုလျက်ရှိပြီး ဂျာမနီတပ်မတော်နှင့် ဒေသတွင်းမိတ်ဖက် ELP ကုမ္ပဏီတို့နှင့်အတူလက်တွဲ၍ Black Hornet 4 ဒရုန်း၏ ပြိုင်ဘက်ကင်းစွမ်းဆောင်ရည်များကို ဂျာမနီတပ်မတော်ထံ ရောင်းချခွင့် ရရှိခဲ့သည့်အပေါ် ဂုဏ်ယူမိပါကြောင်း Teledyne FLIR Defense ကုမ္ပဏီ၊Ketil UAS Norway Operations ၏ ဒုတိယ ဥက္ကဋ္ဌဖြစ်သူ Ketil Vanebo က ပြောကြားခဲ့သည်။

"ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ တင်းမာမှုတွေ မြင့်မားနေတာကြောင့် ဥရောပတစ်ခွင်မှာ Black Hornet ဒရုန်းကို တိုးမြှင့်အသုံးပြုလာတာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ Black Hornet 4 ဒရုန်းလိုလျှို့ဝှက်ပြီး အဆင့်မြင့်အမိုက်စားဒရုန်းတစ်စင်းဟာ တိုက်ပွဲဝင်တပ်ဖွဲ့ဝင်တွေအတွက် အခက်အခဲ၊ အပြင်းထန်ဆုံးမစ်ရှင်တွေကို လုပ်ဆောင်ရတဲ့အချိန်မှာ ထူးခြားတဲ့အားသာချက်တစ်ခုကို ပေးစွမ်းနိုင်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

Teledyne FLIR ကုမ္ပဏီထုတ် Black Hornet 4 နာနိုဒရုန်းသည် အရှည် ၂၅၅ မီလီမီတာရှိပြီး ပန်ကာအချင်း မီလီမီတာ ၁၉၀ ရှိသည်။ စက္ကန့် ၂၀ အောက်တွင် လျင်မြန်စွာ တပ်ဖြန့်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး အကွာအဝေး နှစ်ကီလိုမီတာအတွင်းရှိ ပစ်မှတ်များမှ အသံ၊ ဗီဒီယိုနှင့် လျှပ်စစ်သံလိုက်လှိုင်း ဒေတာများကို စုဆောင်းခြင်းဖြင့် ကင်းထောက်တာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိသည်။ ဒရုန်းသည် တစ်စက္ကန့်လျှင် ၁၀ မီတာအလျင်နှုန်းဖြင့် ပျံသန်းနိုင်ပြီး လေတိုက်နှုန်း တစ်နာရီလျှင် ၄၆ ကီလို မီတာနှင့် အပူချိန်အနုတ် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၄၃ ဒီဂရီစင်တီဂရိတ်ထိ ခံနိုင်ရည်ရှိသည့် ဒရုန်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

**German Military Orders Black Hornet Nano Drones From Teledyne FLIR ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ရုရှားတပ်ဖွဲ့များက ယူကရိန်းခံစစ်စခန်းများကို လျင်မြန်စွာထိုးဖောက်ဝင်ရောက်နိုင်ရန် FPV ဒရုန်းများကို အသုံးပြု


ရုရှား-ယူကရိန်း ပဋိပက္ခတွင် ရုရှားခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များသည် ရှေ့တန်းစစ်မျက်နှာ အများအပြားတွင် မြေပြင်ထိုးစစ်များကို ဦးစားပေးလုပ်ဆောင်နေပြီး ရုရှား ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များသည် ယူကရိန်းခံစစ်စခန်းများကို လျင်မြန်စွာထိုးဖောက်ဝင်ရောက်နိုင်ရန် FPV ဒရုန်းများကို အသုံးပြုလာကြောင်း Army Recognition သတင်းဌာနက မတ် ၂ ရက်တွင် ရေးသားဖော်ပြထားသည်။

စစ်ဘက်ဘလော့ဂါနှင့် သုတေသီတို့က မီးမောင်းထိုးပြထားသည့် ဤချဉ်းကပ်မှုနည်းလမ်းသည် အမြောက်ပစ်ကူများ အတိအကျရယူ၍ ခံစစ်စခန်းများအပေါ် အဆက်မပြတ် ဖိအားပေးထားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ရုရှားတို့၏ ထိုးစစ်ဆင်မှုများသည် ခြေလျင်တပ်များ ချေမှုန်းရေးမလုပ်ဆောင်မီ ယူကရိန်းခံစစ်စည်းများအနီးထိ တပ်ဖွဲ့ဝင်များကို သံချပ်ကာလူသယ်ယာဉ်၊ အပေါ့စားယာဉ်များဖြင့် သယ်ယူပို့ဆောင်ရေးအပေါ်တွင် မှီခိုထားကြောင်း သိရသည်။ ရန်သူ့ရှေ့တန်းခံစစ်စခန်းများကို ထိုးစစ်ဆင်မှုတစ်ကြိမ်ဆင်နွှဲရန် လုံလောက်သည့် တပ်ရင်းတပ်ဖွဲ့အင်အားရရှိသည်ထိ ရောက်ရှိနေသည့်နေရာများတွင် တပ်စွဲထားလေ့ရှိကြသည်။ ယူကရိန်းတပ်မဟာတစ်ခု၏ သတင်းပေးပို့ချက်အရ ရှေ့တန်းစစ်မျက်နှာတစ်ခုအတွင်း နေ့စဉ်ထိုးစစ်ဆင်မှု ၂၇ ကြိမ်ထိ ခံစစ်ဆင်ခဲ့ရကြောင်းနှင့် အင်အားသာလွန်မှုကို အသုံးချ၍ နည်းဗျူဟာမြောက်ထိုးစစ်ဆင်မှုနည်းလမ်းကို ဖော်ညွှန်းပြသလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးစစ်ဆင်ရာတွင် လေဟုန်စီးဗုံးများ၊ အမြောက်နှင့် FPV ဒရုန်းများဖြင့် ပစ်ကူစစ်ကူပေးလေ့ရှိသည်။ သမားရိုးကျ FPV ဒရုန်းများသည် ပစ်မှတ်ဆီသို့ ပျံသန်းရောက်ရှိရန် မိနစ်အနည်းငယ်ကြာ အချိန်ယူရလေ့ရှိပြီး တိုက်စစ်အဟုန်မြှင့်တင်၍ ထိုးစစ်ဆင်တိုက်ခိုက်မှုများတွင်ထိရောက်မှု လျော့နည်းစေသည်။ ထို့ပြင် ဒရုန်းအော်ပရေတာများသည် တစ်ကြိမ်လျှင် ဒရုန်းတစ်စင်းသာ ထိန်းကျောင်းနိုင်ကြသည့်အတွက် တစ်ချိန်တည်းတစ်ပြိုင်တည်းတိုက်ခိုက်ရန် အကန့်အသတ်ရှိနေနိုင်သည်။ ယခုလက်ရှိရုရှားတပ်မတော်က ကျင့်သုံးဖော်ဆောင်လျက်ရှိသော နည်းဗျူဟာသစ်မှာ FPV ဒရုန်းများကို ရှေ့တန်းတပ်ဖွဲ့များနှင့်အတူ တိုက်ရိုက်လိုက်ပါတာဝန်ထမ်းဆောင်စေခြင်းဖြစ်ပြီး FPV ဒရုန်းများ၏ ပျံသန်းစစ်ဆင်ချိန် ပိုမိုလျော့နည်းစေကာ ရန်သူ့ခံစစ်နေရာများအပေါ် ဖိအားပေး စစ်ဆင်နိုင်မည်ဖြစ်သည်။

ချေမှုန်းရေးတပ်ဖွဲ့များသည် FPV ဒရုန်းများကို တိုက်ခိုက်မှုမစမီ တပ်ဖြန့်နေရာချထားပြီး ချက်ချင်းလွှတ်တင်နိုင်ကာ နှောင့်နှေးမှုမဖြစ်အောင် စက္ကန့်ပိုင်းထိ လျှော့ချပေးနိုင်သည်။ ဤနည်းလမ်းသည် FPV ဒရုန်းများကို မြန်မြန်လွှတ်တင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသောကြောင့် စဉ်ဆက်မပြတ်နှင့် ပေါင်းစည်းလက်ရုံးများကြား ပေါင်းစပ်ညှိနှိုင်းတိုက်ခိုက်မှုများကိုသေချာစေပြီး ရှေ့တန်းကျကျ တိုက်ခိုက်နေသည့်စစ်သည်များအတွက် မလိုလားအပ်သော အုပ်ချုပ်မှုကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် စိတ်အေးရမည်ဖြစ်ကြောင်း သိရသည်။



ရုရှားတပ်မတော်သည် FPV ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းများ၊ ကင်းထောက်ဒရုန်းများ၊ Loitering Munition များအပါအဝင် ဒရုန်းအများအပြားကို တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုလျက်ရှိသည်။

၎င်းတို့တွင် နည်းဗျူဟာမြောက်ထောက်လှမ်းမှုနှင့် အမြောက်ပစ်ခတ်မှုများအတွက် အသုံးပြုလေ့ရှိသည့် Orlan-10 ဒရုန်းနှင့် သံချပ်ကာပစ်မှတ်များ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို တိကျစွာတိုက်ခိုက်မှုများတွင် လက်စွမ်းပြနေသည့် Lancet ဒရုန်းများလည်း ပါဝင်နေသည်။ ထို့ပြင် Zala နှင့် အီရန်ထုတ် Mohajer-6 ကဲ့သို့သော တာဝေးပျံသန်းကင်းထောက်ဒရုန်းများသည် အချိန်နှင့်တစ်ပြေးညီ စစ်မြေပြင်ထောက်လှမ်းရေးအချက်အလက်များကို ပံ့ပိုးပေးနိုင်ကာ ပေါင်းစည်း လက်ရုံးတပ်များအတွက် အဆင်ပြေချောမွေ့စွာ တိုက်ပွဲဝင်နိုင်ရန် ကူညီပေးနေကြောင်း သိရသည်။

**Russian Infantry Forces Employ New FPV Drone Tactic to Swiftly Breach Ukrainian Lines ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခုံးမ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခုံးမ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီငွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငါးခုံးမပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးခုံးမပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခုံးမ တစ်ပိဿာလျှင် ငွေကျပ် ၈၇၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ရန်ကုန်ဈေးကွက်ထဲ ငါးခုံးမ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ပြည်တွင်းငါးစားသုံးမှု များလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လကထက် ရန်ကုန်ဈေးကွက်ကို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီငွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခုံးမများကို အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခုံးမများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်နှင့် လုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက် သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း ၅၇၀၅ ဧက ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ခင်ဦး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း ၅၇၀၅ ဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၇၀၅ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဖူးစားပြောင်း အဖူးရေ ၁၂၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၅၇၀၅ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ အခုလက်ရှိအချိန်မှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကာကွယ်မှုနည်းလမ်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။



ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်းနှင့် ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံ သီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ဂျင်း၊ ငရုတ် ပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေးဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြခေတ်မီစံပြကျေးရွာ၌ အမှိုက်ကန်တူးဖော်ခြင်းလုပ်ငန်း ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ မတ် ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဒိုင်းပြကျေးရွာ၌ အမှိုက်ကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ်လ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့်တာဝန်ရှိသူများက ဒိုင်းပြကျေးရွာ၌ အမှိုက်ကန် တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။

ဒိုင်းပြကျေးရွာ၌ အရှည် ပေ ၃၀၊ အကျယ် ပေ ၃၀၊ အနက်ရှစ်ပေ ရှိသည့် မြေသားအမှိုက်ကန် တူးဖော်ခြင်း လုပ်ငန်းများကို ခေတ်မီစံပြကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၈ ဒသမ ၅သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

ရှေ့ဖုံးမှအဆက်

မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သမ္မတ H. E. Vladimir Vladimirovich Putin နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Maxim Reshetnikov ၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr.Maxim Reshetnikov အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် မိတ်ဆက်ပေးစဉ်။

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဆောင်ရွက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများအား တီးမှုတ်ဂုဏ်ပြုအလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက ရုရှားနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များဖြင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ယခုနှစ်တွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးသည် ၇၇ နှစ် ပြည့်မြောက်ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်သွယ်ဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ ရောက်ရှိကြပြီး သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအစ္ဆရိယအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့် သွားလာရေးအခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာအတွက် လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးနှင့် ပတ်သက်၍သာသနာပြုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းထိုင်ဆရာတော်ကြီးနှင့် သံဃာတော်အရှင်သူမြတ်တို့အား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအစ္ဆရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တရားတော်များ နာယူကြည်ညိုကြစဉ်။

နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာအား ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့်သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာသာသနာပြုတက္ကသိုလ် ပါမောက္ခမဟာဌာနမှူး ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒတို့၏ ဩဝါဒကိုခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား အမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် စစ်သံရုံး မိသားစုများ၊ ရုရှားနိုင်ငံတွင် ပညာတော်သင် ရောက်ရှိလျက်ရှိသည့် သင်တန်းသားမိသားစုများပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် စတင်စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချအခမ်းအနားကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူမြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရ၌ ရဟန်းရှင်လူများစိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် သီတဂူဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှ၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရဟန်းရှင်လူပြည်သူများ၊ ရုရှားနိုင်ငံရောက်ပညာတော်သင် သင်တန်းသားအရာရှိများစုပေါင်း၍ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထားရသည့်နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအစ္ဆရိယထံ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်ပညာရေးမှူး ဦးမြင့်လွင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ဟဲဟိုး)၊ တောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(တောင်လေးလုံး)၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)နှင့် အမှတ်(၁)အခြေခံပညာနှင့်စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်း(အေးသာယာ)၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ထုံးဘို)၊ အမှတ်(၇)နှင့် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ မြန်မာဘာသာဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးစဉ် ဆရာ၊ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျောင်းသား၊ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်သုတေသနစင်တာ၌ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ သုတေသနသုံးစက်ပစ္စည်းများကို အကျိုးရှိထိရောက်အောင် အသုံးချဆောင်ရွက်ရန်၊ သုတေသနကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ရန်နှင့် ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန်တို့ကို မှာကြားကာလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရှမ်းပြည်နယ်၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မူပိုင်ခွင့်စနစ်သည် နိုင်ငံတကာတွင် သတ်မှတ်ကျင့်သုံးနေသည့် စံများနှင့်ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့်အခြေအနေများနှင့်လည်း လိုက်လျောညီထွေမှုရှိရန်လိုအပ်



နေပြည်တော် မတ် ၃

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေလေးရပ်အနက် ၂၀၂၃ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ ၂၀၂၄ ခုနှစ်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေများ အာဏာသက်ဝင်နိုင်ခဲ့ပါကြောင်း၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် စာပေအနုပညာဖန်တီးမှုများကို မြှင့်တင်နိုင်စေရန် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ တီထွင်ဖန်တီးသူ ပညာရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကိုလည်း အခြားသောဒေသတွင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ စတင်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် နိုင်ငံတကာတွင် သတ်မှတ်ကျင့်သုံးနေသည့် စံများနှင့်ကိုက်ညီရန်လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ လက်ရှိဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့် အခြေအနေများနှင့်လည်း လိုက်လျောညီထွေမှုရှိရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်တွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသည့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကျရာကဏ္ဍများမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များကို မူပိုင်ခွင့်အသိပညာပေးခြင်း၊ တီထွင်ဖန်တီးလိုစိတ်များ မြင့်မားစေရန် အားပေးလှုံ့ဆော်ခြင်း၊ တက္ကသိုလ်၊ သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန်အတွက် MSME လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တွင် တည်ဆောက်နေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကို အကျိုးပြုနိုင်စေရန် အသုံးချနိုင်မည့် စနစ်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပသည်။

ဦးစွာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါ စသည့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပြီး မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှုသည် ကမ္ဘာတစ်ဝန်းတွင် ကပ်ရောဂါအသွင်ဖြင့် တိုးတက်များပြားလာကာ ပြည်သူ့ကျန်းမာရေးကို များစွာထိခိုက်စေပါကြောင်း။

အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ရန်အတွက် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေနှင့် ဒေသများ ထူထောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များအကြားတွင် ရေပန်းစားလျက်ရှိသည့် E-cigarette၊ Vape အစရှိသည့် အီလက်ထရောနစ် အငွေ့ရှူစက်များနှင့် ပတ်သက်၍လည်း ဥပဒေအရထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အမိန့်စာကို လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။



ဆက်လက်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။


အစည်းအဝေးသို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၂၅ ခုနှစ် မတ် ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ ကျင်းပ



**ရန်ကုန် မတ် ၃**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေး ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့် ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစန၊ ရွှေကျင်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥာဏိဿရ၊ ရခိုင်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဿလာဝုဓတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဥာဏိက၊ မဟာဒွါရဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဝိနယဓရဝိနယဝိဒူ ဘဒ္ဒန္တမေတ္တာနန္ဒ၊ မွန်ပြည်နယ်ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလဝံသ၊ အနောက်ချောင်းဒွါရဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဒ္ဒိဥာဏာဘိဝံသ၊ ရှမ်းပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏတို့က လည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက် ကျင်းပရာ တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာစရိယတို့ကပြန်လည်ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် လုပ်ထုံးလုပ်နည်းစသည်များစိစစ်ပြင်ဆင်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စကို အခမ်းအနားမှူးဆရာတော်က လျှောက်ထားပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူပြီး ဒုတိယနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ကွယ်လွန်သူ ဗိုလ်ကြီးတင်ဒွေး(ငြိမ်း) အားရည်စူး၍ ဇနီး ဒေါ်တိုးတိုး၊ သား ဦးကျော်ဖုန်းဝင်း(အကောက်ခွန်မှူး)၊ ဦးမျိုးကျော်ကျော်(သသန)+ ဒေါ်အိသူဇာကို (သသန)၊ မြေး မယွန်းပန်းမြတ်ဟောသီ၊ မောင်ကျော်ဇင်ဟိန်း မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အခြေခံပညာမူလတန်းအဆင့်(Grade-5)နှင့် အခြေခံပညာအလယ်တန်းအဆင့်(Grade-9)ပြီးမြောက်မှုစာမေးပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် စာမေးပွဲဖြေဆိုနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု

မန္တလေး မတ် ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် (Grade-5)နှင့် အလယ်တန်းအဆင့် (Grade-9) ပြီးမြောက်မှုစာမေးပွဲများကို ယနေ့မှ စတင်၍ သက်ဆိုင်ရာစာစစ်ဌာနများတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက စာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် စာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုသည်။



ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် စာမေးပွဲဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် (Grade-5) ပြီးမြောက်မှုစာမေးပွဲများကို မတ် ၇ ရက်ထိနှင့် အလယ်တန်းအဆင့် (Grade -9) ပြီးမြောက်မှုစာမေးပွဲများကို မတ် ၈ ရက်ထိ သက်ဆိုင်ရာစာစစ်ဌာနများတွင် ကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအနေဖြင့် (Grade-5)ပြီးမြောက်မှုစာမေးပွဲ၌ စာစစ်ဌာန ၇၃၇ ခု ဖွင့်လှစ်ထားကာ မြန်မာစာဘာသာရပ်တွင် စာဖြေသူ ၈၀၀၄၁ ဦးရှိပြီး ဖြေဆိုမှု ၉၅ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ (Grade-9) ပြီးမြောက်မှုစားမေးပွဲ၌ စာစစ်ဌာန ၄၀၁ ခု ဖွင့်လှစ်ထားကာ မြန်မာစာဘာသာရပ်တွင် စာဖြေသူဦးရေ ၅၄၁၆၀ ရှိပြီး ဖြေဆိုမှု ၉၆ ရာခိုင်နှုန်းကျော်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကိုလိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြင်စလူရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ 150 W FM လွှင့်စက်ဖြင့် ရေဒီယိုအစီအစဉ်များစမ်းသပ်ထုတ်လွှင့်လျက်ရှိ

နေပြည်တော် မတ် ၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် FM ရေဒီယိုလွှင့်စက်များတိုးချဲ့တပ်ဆင်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပြင်စလူစက်ရုံတွင် FM လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၁ ရက်ထိဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း (90.2 MHz) ဖြင့် MRTV FM ရေဒီယိုအစီအစဉ်များ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ထိုသို့ထုတ်လွှင့်လျက်ရှိရာ ပြင်စလူမြို့ပေါ်ရပ်ကွက် ၁၊ ၂ နှင့် ၃ တို့မှလည်းကောင်း၊ အရှေ့ဘက် အရာတော်ငူ၊ သောင်လေး၊ ရေချိုကန်၊ ကွင်းပေါက်၊ အိုင်မ၊ အမတ်ကလေး၊ အမတ်ကြီးကျေးရွာများမှလည်းကောင်း၊ အနောက်ဘက်တွင် ထန်းပင်ကုန်း၊ ကုန်းကြီး၊ ကွင်းယား၊ အဝကား၊ နံ့သာကုန်း၊ သပြေချိုင်၊ ကံကြီးဒေါင့် ကျေးရွာများမှလည်းကောင်း၊ တောင်ဘက်တွင် လေယာဉ်ကွင်း၊ ဝါးဘိုးကုန်း၊ ကျားချောင်း၊ အောင်လှိုင်ကျေးရွာများမှလည်းကောင်း၊ မြောက်ဘက်တွင် ဘိုးသက်ရှည်၊ လွှစာ၊ ရေကျော်ဝ၊ နောက်ဖေးကုန်းကျေးရွာများမှလည်းကောင်း အသံကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အမေရိကန် နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG "** ခေါင်းစဉ်ဖြင့် ၅-၃-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ယဉ်ကျေးမှုအမွေ စောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

နေပြည်တော် မတ် ၃

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# သနပ်ခါးလိမ်းခြယ်သုံးစွဲခဲ့မှုကို အပယ်ရတနာဘုရားနှင့် စူဠာမဏိစေတီတို့ရှိ နံရံဆေးပန်းချီများတွင် တွေ့ရှိ



ရန်ကုန် မတ် ၃

မြန်မာနိုင်ငံတွင် ရှေးခေတ်များစွာကတည်းက သနပ်ခါးလိမ်းခြယ်သုံးစွဲမှုတည်ရှိခဲ့ကြောင်းကို ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ အပယ်ရတနာဘုရားနှင့် စူဠာမဏိစေတီတို့ရှိ နံရံဆေးပန်းချီများတွင် လေ့လာတွေ့ရှိနိုင်ပြီး ယင်းနံရံဆေးပန်းချီများသည် သမိုင်းအထောက်အထားများအဖြစ် ခိုင်မာစွာတည်ရှိပြသလျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ပြုပြင်ထိန်းသိမ်းရေးဌာနစုမှ သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြုပြင် စောင့်ရှောက်လျက်ရှိပြီး အပယ်ရတနာဘုရားရှိ သနပ်ခါးလိမ်းခြယ်မှုပါဝင်သည့် နံရံဆေးပန်းချီများကို မှတ်တမ်းပြုစုထားရှိပြီးဖြစ်သည်။



"မြန်မာ့သနပ်ခါးကို ရှေးဘုရင်တွေလက်ထက်ကတည်းက မြတ်မြတ်နိုးနိုးသုံးစွဲခဲ့တာကို ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသက နံရံဆေးပန်းချီတွေမှာ တွေ့ရှိရပါတယ်။ စူဠာမဏိစေတီမှာသနပ်ခါးလိမ်းခြယ်နေတဲ့ပုံကို အသိများကြပေမယ့် အပယ်ရတနာဘုရားမှာရှိတာကိုတော့ သိသူနည်းပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုအတွက် တန်ဖိုးဖြတ်လို့မရတဲ့ သမိုင်းအမွေအနှစ်ပုံတွေဖြစ်ပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ပြုပြင်ထိန်းသိမ်းရေးဌာနစု လက်ထောက်ညွှန်ကြားရေးမှူးက ပြောပြသည်။

ထို့အတူ ၁၉၉၁-၁၉၉၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ စူဠာမဏိစေတီအတွင်းရှိ နံရံဆေးပန်းချီကားများကို သန့်စင်ချေးချွတ်ရာမှ သနပ်ခါးလိမ်းခြယ်နေသောပုံများကို တွေ့ရှိမှတ်တမ်းပြုစုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ယခုအခါ ဘုရား၊ စေတီ၊ ပုထိုးပေါင်း ၃၈၂၂ ဆူနှင့် တန့်ကြည်တောင်ဧရိယာ၌ ဘုရား၊ စေတီ၊ ဂူ ၁၅ ဆူ စုစုပေါင်း ၃၈၃၇ ဆူ တည်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။ **သစ္စာ(MNA)**

# မြောင်မြို့နယ်နှင့် ရေလယ်ကျွန်းဒေသအတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့်ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အနောက်ခြမ်းနှင့် မကွေးတိုင်းဒေသကြီး ရေလယ်ကျွန်းဒေသအတွင်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ကျေးရွာများကို အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာများကို ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို




အသုံးပြု၍ သတင်းမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## တိုက်ကြီးမြို့အနီး မြေငလျင်လှုပ်ခတ်

နေပြည်တော် မတ် ၃

ယနေ့နံနက် ၁၀ နာရီ ၀၃ မိနစ် ၁၃ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တိုက်ကြီးမြို့၏ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၇ ဒသမ ၂၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အသည်းရောင်အသားဝါ(အေ)ရောဂါ ကြိုတင်ကာကွယ်ပါ

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

### ရောဂါကူးစက်နိုင်သည့် နည်းလမ်းများ

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှ ထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့် အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

### ရောဂါလက္ခဏာများ

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ(ဘီ) သို့မဟုတ် (စီ)ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

### ကာကွယ်နိုင်မည့် နည်းလမ်းများ

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိ ကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန် သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး ၁၀ ရက်ကြာသည်ထိ အစားအသောက်ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ) ရောဂါလက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။

မတ်လ ၂၀၂၅

❑ **ကျောဖုံးမှအဆက်**

ဘူးဘက်ကျေးရွာ စစ်ဆေးရေးဂိတ်၌ ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ သန်းအောင်ဆွေ၊ ကျော်ဝင်းထွန်းနှင့် ကျော်ဆန်းမင်းတို့နှင့်အတူ ယာဉ်အမှတ် BGO–11 / 2R–2073 SOJEN အဖြူရောင် ယာဉ်ပေါ်မှ စက္ကူပုံး ခြောက်ပုံးအတွင်း သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀ ဒသမ ၂ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံခန့်ကိုလည်းကောင်း၊ ကျော်ဇင်လတ်၊ ခင်မောင်မြင့်ရွှေ၊ ကြည်ကြည်ခိုင်တို့နှင့်အတူ ယာဉ်အမှတ်၊ YGN–41/HH–2534 Probox အဖြူရောင်ယာဉ်ကိုလည်းကောင်းဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပြည်မြို့ရှိ ကုန်းမြင့်သာတည်းခိုခန်း၌ ကျော်ဝင်းနှင့် သောင်းထွန်းတို့ကို ယာဉ်အမှတ် BGO–11/2P– 6694 Daihatsu Hijet အစိမ်းရောင်ယာဉ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံကျော်ဝင်း၏ထွက်ဆိုချက်အရ ကျော်လင်း(ဖမ်းဆီးရန်ကျန်)နှင့် စိုင်းကျော်လှ(ဖမ်းဆီးရန်ကျန်)တို့က ရန်ကုန်မြို့သို့ ပို့ဆောင်ပေးသော မူးယစ်ဆေးဝါးများကို ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးရန် ငွေကျပ်သိန်း ၈၅၀ ဖြင့် ညှိနှိုင်းသဖြင့် သဘောတူခဲ့ကြောင်း၊ ၎င်းနောက် ရန်ကုန်မြို့သို့ ရောက်ရှိလာသော မူးယစ်ဆေးဝါးများကို မအီမြို့နယ် တလိုင်းတောင်ကျေးရွာသို့ ဆက်လက်ပို့ဆောင်ရန် ခင်မောင်မြင့်ရွှေအား ငွေကျပ်သိန်း ၃၅၀ ဖြင့်ညှိနှိုင်းခဲ့ရာ သဘောတူခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိတရားခံ ခင်မောင်မြင့်ရွှေ၏ ထွက်ဆိုချက်အရ ကျော်ဝင်း၏စေခိုင်းချက်ဖြင့် မူးယစ်ဆေးဝါးများ ပို့ဆောင်ရာတွင် ဇနီးဖြစ်သူ ကြည်ကြည်ခိုင်နှင့်အတူ စီးနင်းရန် ကျော်ဇင်လတ်၏ Proboxအဖြူရောင်ယာဉ်ကို ငှားရမ်းခဲ့ကြောင်း၊ ၎င်းနောက် မူးယစ်ဆေးဝါးများ သယ်ဆောင်ရန် ကျော်ဆန်းမင်းပိုင်ဆိုင်သည့် SOJEN ယာဉ်အား ငှားရမ်း၍ အဆိုပါယာဉ်ဖြင့် ကျော်ဆန်းမင်း၊ယာဉ်မောင်း သန်းအောင်ဆွေနှင့် ယာဉ်နောက်လိုက် ကျော်ဝင်းထွန်းတို့ကို လိုက်ပါရန် ချိတ်ဆက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ တရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် တရားခံပြေး ကျော်လင်းနှင့် စိုင်းကျော်လှ


ခင်မောင်မြင့်ရွှေ၊ ၅၂ နှစ်


ကြည်ကြည်ခိုင်၊ ၃၈ နှစ်
(ခင်မောင်မြင့်ရွှေ၏ဇနီး)


သန်းအောင်ဆွေ၊ ၄၆ နှစ်


ကျော်ဝင်းထွန်း၊ ၃၆ နှစ်


ကျော်ဇင်လတ်၊ ၃၁ နှစ်


ကျော်ဆန်းမင်း၊ ၄၉ နှစ်

ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံခြောက်ဦး၏ မှတ်တမ်းဓာတ်ပုံ။


ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။


သောင်းထွန်း၊ ၃၆ နှစ်


ကျော်ဝင်း၊ ၃၆ နှစ်

ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ကုန်းမြင့်သာတည်းခိုခန်း၌ တည်းခိုနေထိုင်သူ မူးယစ်ဆေးဝါးဆက်စပ်တရားခံနှစ်ဦး ထပ်မံဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

တို့အပါအဝင် ဆက်စပ်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

☆ **ပြည်ပနိုင်ငံသားမှ**

စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၃၇၂၇ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၂၉၇၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## လျှင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်သောဘေးဖြစ်ပြီး ရုတ်တရက်ဖြစ်ပွားတတ်သည့်အတွက်ကြောင့် လူဦးရေ၊ လူနေအိမ်၊ တိုက်တာအဆောက်အအုံများသည့်နေရာများတွင် ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး မြေသားများပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြောလေးခုရှိပြီး အရှည်ဆုံးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် ကချင်ပြည်နယ် ပူတာအိုမှစတင်၍ ဧရာဝတီမြစ်တစ်လျှောက်မှ စစ်တောင်းမြစ်ဝှမ်းကိုဖြတ်ပြီး မုတ္တမပင်လယ်ကွေ့ထိရှည်လျားပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ပြင်းအားအနည်းငယ်နှင့်ပြင်းအားအသင့်အတင့်ဖြင့် ငလျင် အကြိမ် ၅၆၀ လှုပ်ခတ်ခဲ့ပါသည်။

၄။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းတို့ကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက်အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသော နေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ပြုတ်ကျ၊ကွဲရှနိုင်သော ပစ္စည်းများတွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန်မြဲမြံအောင်ပြုလုပ်ထားပါ။

(ဃ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) ငါးစက္ကန့်အတွင်းအဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ထိုင်)ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ကွင်းပြင် (သို့) ဘေးကင်းရာ(မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျလာနိုင်သောအရာများနှင့်ဝေးရာ)သို့ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ(သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည့်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင်အောက်ပါတို့ကို ရှောင်ရှားရန်လိုအပ်ပါသည်–

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်ပိုင်း အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသောသတင်းများကိုစဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်–

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot–Line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်သို့ အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်း ဦးတည်တိုက်ခတ်နေ




**ကင်ဘာရာ မတ် ၃**

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်သို့ မတ် ၂ ရက်က အယ်ဖရက်ဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း ဦးတည်တိုက်ခတ်နေကြောင်း Bureau of Meteorology(BoM)က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အယ်ဖရက် ဆိုင်ကလုန်းမုန်တိုင်းသည် ဂိုးလ်ကမ်းခြေဒေသဖြစ်သည့် ဂလက်စတုန်းဒေသမှ ကာရမ်ဘင်ဒေသထိ တောက်လျှောက် ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေပြီး မုန်တိုင်းပြင်းအား အဆင့်(၂)ဖြင့် ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း၊ အလားတူ ဘရစ္စဘိန်းမြို့တွင်လည်း ပြင်းအားအဆင့် (၂) ဖြင့် တိုက်ခတ်လာဖွယ်ရှိနေပြီး ဘရစ္စဘိန်းမြို့အပါအဝင် ကွင်းစလန်းပြည်နယ်ရှိ ကမ်းခြေဒေသများကို မုန်တိုင်းအန္တရာယ်ရင်ဆိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် Bureau of Meteorology(BoM)က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အယ်ဖရက် ဆိုင်ကလုန်းမုန်တိုင်းဟာ ကွင်းစလန်းပြည်နယ်ထဲ ဝင်ရောက်လာပြီဖြစ်ပါတယ်။ ဘရစ္စဘိန်းမြို့ကို တိုက်ရိုက်ဝင်ရောက်လာမဲ့ အနေအထားဖြစ်ပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းမြင့်မားနိုင်သလို ဒီရေမြင့်တက်မှုကလဲ အန္တရာယ်ရှိလာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဟာ ကွင်းစလန်းပြည်နယ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အခြေအနေမျိုး မဟုတ်ပါဘူး။ ဒါကြောင့် ဘရစ္စဘိန်းမြို့ခံတွေအပြင် ကွင်းစလန်းပြည်နယ်ဒေသခံတွေအနေနဲ့ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားဖို့ သတိပေးလိုပါတယ်"ဟု ကွင်းစလန်းပြည်နယ် အုပ်ချုပ်ရေးမှူး ဒေးဗစ်ခရစ်ဆာဖူလီက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဘော်နိုပြည်နယ် မိုင်ဒူဂူရီဒေသရှိ ရေကာတာ ပြန်လည်တည်ဆောက်ရေး ဖက်ဒရယ်အစိုးရက နိုင်ရာ သန်း ၈၀ အသုံးပြုရန် ခွင့်ပြု

**အဘူဂျာ မတ် ၃**

နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ် မိုင်ဒူဂူရီဒေသရှိ Alau Dam ရေကာတာသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစတင်၍ နှစ်ကုန်ပိုင်းထိ ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ဂျီးရီးယား ဖက်ဒရယ်အစိုးရက ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ရာ သန်း ၈၀ အသုံးပြုရန်ခွင့်ပြုခဲ့ကြောင်း ရေထုအရင်းအမြစ်နှင့် ရေထုသန့်စင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Alau Dam ရေကာတာသည် ရေဘေးအန္တရာယ် ထိန်းချုပ်ရေး၊ သောက်သုံးရေဖြန့်ဝေရေး၊ နယ်မြေအတွင်း စီးပွားရေးကဏ္ဍအသီးသီးအတွက် အဓိကကျသော ရေကာတာဖြစ်၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ကာ ရေဘေးဒဏ်ခံနိုင်ရန် အဆင့်မြှင့်တင်တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကြောင့် ရေကာတာကို အမြန်ဆုံးပြင်ဆင်တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်နှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေထုအရင်းအမြစ်နှင့် ရေထုသန့်စင်ရေးဝန်ကြီး ဂျိုးဆပ်တာလူမန်က ပြောကြားခဲ့သည်။

"စီမံကိန်းကို နှစ်နှစ်အချိန်ယူပြီး တည်ဆောက်သွားမယ်။ ပထမတစ်ဖြတ်အနေနဲ့ အခုနှစ်မတ်လကနေ စက်တင်ဘာလအတွင်း ဆောင်ရွက်သွားမယ်။ ပထမတစ်ဖြတ်မှာ ရေဘေးအန္တရာယ် ကာကွယ်နိုင်ဖို့ကိုပဲ ဦးစားပေး တည်ဆောက်သွားမယ်။ ဒုတိယတစ်ဖြတ်အနေနဲ့ အခုနှစ် အောက်တိုဘာလကနေ ၂၀၂၇ ခုနှစ် မတ်လအတွင်း တည်ဆောက်သွားမယ်။ ဒုတိယတစ်ဖြတ်မှာတော့ ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် နည်းပညာအသစ်တွေအသုံးပြုပြီး တည်ဆောက်သွားမယ်"ဟု ရေထုအရင်းအမြစ်နှင့် ရေထုသန့်စင်ရေးဝန်ကြီး ဂျိုးဆပ်တာလူမန်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံ ကန်လွန်မီးတောင်ပေါက်ကွဲမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများ နေရပ်သို့မပြန်နိုင်သေး

**မနီလာ မတ် ၃**

ဖိလစ်ပိုင်နိုင်ငံ နီဂရော့စ်ပြည်နယ်ရှိ ကန်လွန်မီးတောင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မီးတောင်နှင့် ခြောက်ကီလိုမီတာအကွာအဝေးအတွင်း နေထိုင်ကြသော ဒေသခံများကို သက်ဆိုင်ရာက ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရာ ယခုအခါ သုံးလခန့်ကြာမြင့်ပြီဖြစ်သော်လည်း နေရပ်သို့ပြန်နိုင်ခြင်း မရှိသေးကြောင်း မြို့ပြကာကွယ်ရေးဌာနက မတ် ၂ ရက်တွင် ထုတ်ပြန်သောသတင်းများကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ နီဂရော့စ်ပြည်နယ်အတွင်းရှိ ကန်လွန်မီးတောင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဖိလစ်ပိုင် မီးတောင်နှင့် ငလျင်ဗေဒဆိုင်ရာသိပ္ပံမှ သတိပေးချက်အဆင့်(၃)သို့ အဆင့်မြှင့်တင်ခဲ့ပြီးနောက် မီးတောင်နှင့်ခြောက်ကီလိုမီတာအတွင်း နေထိုင်သူဒေသခံမိသားစု ၂၆၈၆ စုမှ လူဦးရေ ၈၅၉၆ ဦးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ကလေးများ၏ ပညာရေးမှာလည်း ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း မြို့ပြကာကွယ်ရေးဌာနမှ လက်ထောက်အတွင်းရေးမှူး အေရီရယ်နီပိုမီစီနိုက ပြောကြားခဲ့သည်။



ကန်လွန်မီးတောင်သည် မတ် ၁ ရက်မှစတင်၍ မငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကာ ဆာလဖာဒိုင်အောက်ဆိုက် ၂၅၂၇ တန်ခန့်ကို မီးတောင်မှ အမြင့်မီတာ ၁၀၀ ထိ ထုတ်လွှတ်ခဲ့ခြင်းကြောင့် မီးတောင်သတိပေးချက် အဆင့်မြှင့်တင်မှုဖြစ်ပေါ်ပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရသည့်ဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်မည်ကို ဒေသခံများက စိုးရိမ်လျက်ရှိကြောင်း မြို့ပြကာကွယ်ရေးဌာနမှ လက်ထောက်အတွင်းရေးမှူး အေရီရယ်နီပိုမီစီနိုက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဝါရှင်တန်ပြည်နယ်တွင် မိုးခေါင်ရေရှားနေသဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူများ စိုးရိမ်မှုမြင့်တက်

**ဝါရှင်တန် မတ် ၃**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် မိုးခေါင်ရေရှားမှုအခြေအနေများကြောင့် ဒေသခံစိုက်ပျိုးရေးလုပ်ကိုင်သူများကြားတွင် စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်း ဝါရှင်တန်တက္ကသိုလ် ရာသီဥတုဗေဒဌာနမှ ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ဒေသတွင်းစိုက်ပျိုးရေးဒေသများ အထူးသဖြင့် ယာကီမာခရိုင်ကဲ့သို့ဒေသများတွင် ဆီးနှင်းကျဆင်းမှုနည်းပါးပြီး မိုးခေါင်ရေရှားမှုအခြေအနေများ ဖြစ်ပေါ်လျက်ရှိရာ နွေရာသီတွင် မိုးခေါင်မှုများ ဆက်လက်ဖြစ်ပေါ်မည်ကို ဒေသခံ စိုက်ပျိုးရေးလုပ်ကိုင်သူများကြား စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဝါရှင်တန်အရှေ့ပိုင်းဒေသတွေမှာ ပုံမှန်မိုးရွာသွန်းတာကို တွေ့နေရပေမဲ့ တောင်တန်းဒေသတွေမှာ မိုးရွာသွန်းမှုမရှိခဲ့ပါဘူး၊ ယာကီမာခရိုင်အတွင်းက ရေလှောင်ကန်ငါးခုမှာလည်း ရေကနည်းနေတဲ့အတွက် ဒီနှစ်မှာတော့ စိုက်ပျိုးရေးသမားတွေ အခက်တွေ့နိုင်ပါတယ်"ဟု ဝါရှင်တန်တက္ကသိုလ် ရာသီဥတုဗေဒဌာနမှ ပညာရှင် ကာရင်ဗန်ဗာကိုက ပြောကြားခဲ့သည်။

ဒေသတွင်း မိုးခေါင်မှုအခြေအနေများကြောင့် ယာကီမာခရိုင်၏ ရေလှောင်ကန်စနစ်များတွင် ရေအရင်းအမြစ် ၃၄ ရာခိုင်နှုန်းသာရှိပြီး ၁၉၇၁ ခုနှစ်နောက်ပိုင်း ရေသိုလှောင်နိုင်မှုအနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလျက်ရှိကြောင်း ကာရင်ဗန်ဗာကိုက ပြောကြားခဲ့ပြီး အဆိုပါအခြေအနေများအပေါ် ပြည်နယ် ဂေဟဗေဒဌာန၊ စိုက်ပျိုးရေးဌာနနှင့် အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးဌာနတို့မှ အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# နယူးဇီလန်နိုင်ငံ ဝေပိုအာတောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို နေရပ်သို့ပြန်ခွင့်ပြု

**ဝယ်လင်တန် မတ် ၃**

နယူးဇီလန်နိုင်ငံ ဝေပိုအာတောအုပ်အတွင်း ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး လူနေရပ်များဆီသို့ ကူးစက်လောင်ကျွမ်းလာနိုင်သည့် အခြေအနေကြောင့် မတ် ၁ ရက်တွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ယနေ့မှစတင်၍ နေရပ်သို့ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နယူးဇီလန်မီးသတ်နှင့် အရေးပေါ်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

နယူးဇီလန်မြောက်ဘက်ကျွန်းဧရိယာအတွင်း နေထိုင်သူများအနက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်ဧရိယာဖြင့် နီးကပ်စွာနေထိုင်သည့် ဒေသခံ ဦးရေ ၂၀ ကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရခြင်းဖြစ်ပြီး တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၉၇ ဦး အသုံးပြုခဲ့ကာ နေအိမ်များဆီသို့ တောမီးမကူးစက်မီ အချိန်မီငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် မြေဧရိယာ ၉၁ ဟက်တာထိ မီးလောင်ကျွမ်းပျက်စီးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများမှာ ဝေကာရာဧရိယာ၊ အရန်ဂါဧရိယာတို့တွင် နေထိုင်သော ဒေသခံများဖြစ်ကြောင်း သိရသည်။

"ဝေပိုအာ တောအုပ်အတွင်း ဖေဖော်ဝါရီ ၂၈ ရက်ကစပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပါတယ်။ နေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ ဒါပေမဲ့ တောမီးကို အချိန်မီထိန်းချုပ်နိုင်ခဲ့ပြီဖြစ်တဲ့အတွက် ဒီနေ့ကစပြီး ဒေသခံတွေကို နေရပ်ပြန်ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်"ဟု နယူးဇီလန်မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

ဝတ္ထုတိုကလျာ

# ကိုယ့်မြေမှာလည်း ပန်းစုံပွင့်ရမယ်

ခင်ဇော်(သီတာကုန်းပြင်)



(၁)

မိုင်းညို့ညို့ရခိုင်ရိုးမတောင်ခြေတွင်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမြို့နယ်ထဲက ရွာလေးတစ်ရွာ အမည်က ကွင်းကလေးရွာ။ ရွာအဝင် ချောင်းကမ်းနဖူးတွင်ရှိနေသည့် ကုက္ကိုပင်ကြီး၏အောက်တွင် အမျိုးသမီး လူငယ်နှစ်ယောက်ထိုင်နေကြ၏။ သူတို့နှစ်ဦးအမည်များက နီလာနှင့်ကြည်ပြာ။ နီလာနှင့်ကြည်ပြာက ကွင်းကလေးရွာမှာ အတူတူမွေးခဲ့ကြပြီး အသက်ချင်းကလည်းအတူတူ၊ ကျောင်းတက်တော့လည်းအတူပင် ဖြစ်ကြသည်။ သူတို့မိဘများက သာမန်လက်လုပ်လက်စားသမားများဖြစ်ကြသည်။ ယခုအချိန်တွင် ငယ်စဉ်က သူတို့နှစ်ဦးအမြဲလာပြီး စာအတူကျက်ခဲ့ဘူးသည့် ရွာထိပ်က ကုက္ကိုပင်ကြီးအောက်တွင် သူတို့ ဘဝရှေ့ရေးအတွက် တိုင်ပင်ဆွေးနွေးရန် နီလာကချိန်းဆိုလိုက်သည့်အတွက် ရောက်ရှိလာကြခြင်းဖြစ်၏။

(၂)

"တို့ရွာလေးရဲ့ ပညာရေးသမိုင်းမှာ ဘွဲ့ရပညာတတ်ရယ်လို့ တစ်ယောက်မှမရှိဖူးသေးလို့ တို့နှစ်ယောက် ဘွဲ့တစ်ခုရအောင် ကြိုးစားမယ်လို့ ရည်မှန်းချက်နဲ့ကြိုးစားခဲ့တာ ခုဆိုရင်တို့တွေ ပုသိမ်တက္ကသိုလ်ကဘွဲ့ယူခဲ့ကြပြီးပြီနော် သူငယ်ချင်း"

"အေးနော်သူငယ်ချင်း။ တို့ရွာလေးအတွက်ကော မိဘတွေအတွက်ပါ ငါတို့ကြိုးစားမှုအတွက်ကျေနပ်အားရမိတယ်။ ဒါနဲ့ ခုဘွဲ့ရပြီဆိုတော့ တို့ဘဝရှေ့ရေးအတွက် ဘာတွေဆက်လုပ်ဖို့ စဉ်းစားထားလဲ ကြည်ပြာ"

နီလာ၏အမေးကို ကြည်ပြာက မဖြေသေးဘဲ ချောင်းအထက်ကနေ ဝါးဖောင်ကလေးနှင့် ရေစီးအတိုင်း စုန်ဆင်းလာကြသည့် ရွာသားသုံးယောက်ကို စိတ်ဝင်တစားကြည့်နေမိသည်။ နီလာကစိတ်မရှည်သည့်အသံဖြင့်ထပ်မေးပြန်သည်။

"ငါမေးနေတယ်လေကြည်ပြာ။ နင်ဘာဆက်လုပ်မလဲလို့ " ထိုအချိန်ကျမှ ကြည်ပြာက–

"တို့ရွာလေးက ပညာရေးလဲ နိမ့်ကျ၊ စီးပွားရေးလဲ နိမ့်ကျနဲ့ တို့တွေပညာသွားသင်တဲ့မြို့ကြီးတွေနဲ့ လူနေမှုစနစ်တွေအများကြီးကွာခြားတာပဲနော်နီလာ" လေးနက်တည်ကြည်စွာပြောလိုက်သည့်ကြည်ပြာရဲ့ စကားအဆုံးတွင် နီလာက နှုတ်ခမ်းတစ်ချက် ရွဲ့လိုက်ပြီး–

"ဒါများကြည်ပြာရယ် အဆန်းလုပ်ပြီး ပြောနေရသေး၊ မြို့နဲ့တောနဲ့ အစစအရာရာ ကွာမှာပေါ့ဟ့။ ဒါများအကြောင်းမရှိအကြောင်းရှာ တွေးနေရသေးတယ်။ ကွာခြားတော့ကော နင်တို့ငါတို့ကဘာလုပ်ပေးလို့ရမှာလဲ"

သူငယ်ချင်းနီလာ၏စကားအဆုံးတွင် ကြည်ပြာသည် ရှည်လျားသောသက်ပြင်းရှည်တစ်ခုကိုချလိုက်မိသည်။ ပြီးတော့မှ–

" တို့ရွာလေးရဲ့ ပညာရေးစီးပွားရေး၊လူနေမှုစနစ်စတဲ့ အရာရာဖွံ့ဖြိုးတိုးတက်ဖို့အတွက်ခေတ်ပညာတတ်လူငယ်တွေဖြစ်တဲ့ ငါတို့မှာတာဝန်ရှိတယ်လို့ ငါတွေးမိလို့ပါဟယ် "

" အမယ်လေး ဒေါ်ကြည်ပြာရယ်။ နင်လုပ်ကာမှ ဘုန်းကြီးအမှု ရွာပတ်မဟုတ်တော့ဘူး။ ရွာအမှု ကိုယ့်ပတ်ဖြစ်ကုန်ပါပြီ။ ရွာမတိုးတက်တာ ငါတို့နဲ့ ဘာဆိုင်လို့လဲ၊ ငါတို့ပညာတတ်ဖြစ်ဖို့အတွက် ရွာကဘာတွေကူညီခဲ့လို့လဲ၊ကိုယ်တိုင်ကြိုးစားခဲ့လို့ဘွဲ့ရခဲ့ကြတာလေ။ အဓိကကတော့ ကိုယ့်ဘဝ တိုးတက်ဖို့နဲ့ ကိုယ့်မိသားစုကြီးပွားဖို့အတွက်ပဲစဉ်းစားပြီး ဒီဘဝကနေလွတ်မြောက်အောင်ကြိုးစားမယ်လို့ ငါတော့ စိတ်ကူးထားတယ်"

နီလာ၏ပြောစကားများကို ကြည်ပြာငြိမ်ပြီး နားထောင်နေလိုက်၏။ ထို့နောက်အဝေးမှာတွေ့နေရသည့်မြင်ကွင်းတစ်ခုကိုကြည့်ပြီး–

"ဟိုမှာ ကြည့်စမ်းပါအုံး နီလာရယ်"

ထင်းစည်းများကို ခေါင်းပေါ်တွင်ရွက်၍ ရိုးမတောင်တန်းပေါ်မှပြန်ဆင်းလာကြသော သားအမိနှစ်ယောက်ဆီကို ကြည်ပြာက လက်ညှိုးဖြင့်ညွှန်ပြလိုက်၏။ နီလာကလှည့်ကြည့်သည်။

"တို့ရွာသားတွေ ထမင်းတစ်လုပ်စားရဖို့အတွက် တောထဲမှာသွားပြီးထင်းခွေမျှစ်ချိုးပြီးရောင်းရတာ။ တောထဲမှာ အဆိပ်ရှိတဲ့မြွေတွေကလဲ ပေါမှပေါ။ ဒီကြားထဲ လူကိုအန္တရာယ်ပြုတတ်တဲ့တောကောင်တွေကလဲရှိသေး။ဘယ်လောက်အန္တရာယ်များသလဲဟယ်။ ကိုယ့်ထမင်းလုပ်ကို ကိုယ့်အသက်နဲ့လဲပြီး စားနေရတဲ့ဘဝတွေ။ ငါတော့ သူတို့ဘဝတွေကို စာနာမိတယ်"

ကြည်ပြာ၏စကားလုံးတိုင်းတွင် ကရုဏာသံတွေ ရောစွက်ပါနေ၏။နီလာကတော့ ဂရုမစိုက်ဟန်ဖြင့်–

"ဒီမယ်ကရုဏာရှင်မကြီးမကြည်ပြာ ငါကတော့ ဒီလိုအောက်တန်းကျတဲ့တောကို ဖက်တွယ်မနေချင်တော့ဘူး။ ငါတော့ သင်တန်းတက်ပြီး နိုင်ငံခြားမှာအလုပ်သွားလုပ်ဖို့ စိတ်ကူးပြီးပြီ။ ငါအိမ်ပြန်တော့မယ်ဟယ်"

နီလာက သူ့ဆုံးဖြတ်ချက်စကားများကို အမြန်ပြော၍ ကြည်ပြာစကားကိုဆက်ပြီး နားမထောင်တော့ဘဲ ကုက္ကိုပင်ကြီး၏အရိပ်အောက်က အမြန်ပြေးထွက်သွားလေသည်။ ကြည်ပြာကတော့ မပြန်နိုင်သေးပါ၊ နီလာ၏ဆုံးဖြတ်ချက်။ သူ၏ဆုံးဖြတ်ချက်များကို စဉ်းစားတွေးတောကာ ကုက္ကိုပင်ကြီးအောက်တွင် အချိန်အတော်ကြာ ဆက်ပြီးထိုင်နေမိပါသည်။

(၃)

" ဘယ်လို ဘယ်လို သမီးကကျောင်းဆရာမလုပ်မယ်ဟုတ်လား။ သေသေချာချာ စဉ်းစားပါအုံးသမီးလေးရယ်။ အမေတို့က သမီးကိုကျောင်းဆရာမအလုပ်ထက်မြင့်တဲ့အလုပ်မျိုးကို လုပ်စေချင်တာ။ သမီးသူငယ်ချင်းနီလာဆိုရင် ဟိုဘူတိုင်းဆိုလား၊ ဒူဘိုင်းဆိုလား မသိပါဘူးကွယ်။ အဲဒီနိုင်ငံကိုသွားဖို့ မြို့မှာသင်တန်းသွားတက်နေပြီးတဲ့။ ငါ့သမီးကိုလဲ အမေတို့က အဲဒီလိုဖြစ်စေ ချင်တာ။ ဒါမှမဟုတ်ဂျပန်ဖြစ်ဖြစ်၊ စင်ကာပူဖြစ်ဖြစ်သွားပါလားသမီးရယ်''

မိဘတိုင်းကတော့သားသမီးကောင်းစားမြင့်မားတာကိုမြင်ချင်ကြ၏။ သူများရသလို၊ သူများဖြစ်သလိုဖြစ်ချင်ကြသည်မှာ မိဘတိုင်း၏ဆန္ဒဖြစ်ကြောင်း ကြည်ပြာ နားလည်သည့်အတွက် မိခင်၏စကားများကိုတစ်ခွန်းမျှပြန်မပြောဘဲငြိမ်နေမိသည်။ဖခင်ဖြစ်သူကတော့ ဘာမျှပြန်မပြောဘဲ ဆေးလိပ်ကိုတွန်းကန်ဖွာရှိုက်နေ၏။ ထိုအချိန်တွင်ကြည်ပြာမိခင်၏ အစ်ကိုကြီး ဦးသံလုံးအိမ်ကို ရောက်လာသည်။

''ဟော့နင်တို့ မိသားစု ဘာတွေတိုင်ပင်နေကြတာလဲ မိသန်းလှ။ ငါ့တူမလေးလဲ မျက်နှာမကောင်းပါလားကွဲ့"

"ဒီမှာ အစ်ကိုကြီးတူမလေ။ အခြားသူတွေလို နိုင်ငံခြားသွားပါလားလို့ပြောနေတာ မရဘူး။ ကျောင်းဆရာမ လုပ်မယ်ချည်းပြောနေတယ်။ အစ်ကိုကြီးကြည့်ပြောပေးပါအုံး"

ဦးသံလုံးက သူ့တူမကြည်ပြာဘက်ကို လှည့်ကာမေးသည်။

"ကျောင်းဆရာမလုပ်ဖို့ သမီးလေး တကယ်ဝါသနာပါတာလား။ ဘယ်သူ တိုက်တွန်းလို့လဲ။ ကဲဆုံးဖြတ်ပြီးပြီလား"

"ဆရာမအလုပ်ကို သမီး ဝါသနာလဲပါတယ်။ ဘယ်သူမှတိုက်တွန်းလို့ မဟုတ်ပါဘူး။ပြီးတော့ ကိုယ်တတ်ထားတဲ့ပညာနဲ့ သမီးတို့ရွာလေးရဲ့ ပညာရေးကိုမြှင့်တင်ပြီး ရွာကိုကျေးဇူးဆပ်ချင်တယ်။ သမီးဖတ်ထား သိထားတဲ့အသိပညာတွေနဲ့ အရာရာနိမ့်ကျနေတဲ့သမီးတို့ရွာလေးကို ဖွံ့ဖြိုးတိုးတက်အောင်ဖန်တီးလုပ်ဆောင်ပေးချင်လို့ပါ ဦးလေးရယ်"

" အမယ်လေး လိမ္မာလိုက်တဲ့ငါ့တူမလေး။ တစ်မိပေါက်တစ်ယောက်ထွန်းဆိုတာ ဒါမျိုးကိုပြောတာ မိသန်းလှရဲ့။ ငါတို့မျိုးရိုးမှာ ငါ့တူမလိုပညာတတ်ပြီး အသိပညာ အတွေးအခေါ်ကောင်းတဲ့ သူမျိုးတစ်ခါမှ မရှိသေးဘူး ထွန်းလှ"

ဦးသံလုံး၏စကားကြောင့် ကြည်ပြာ၏ဖခင် ဦးထွန်းလှက ပြုံးယောင်ယောင်အကြည့်ဖြင့်သူ့သမီးကိုလှည့်ကြည့်သည်။ သူ့အဖေ၏အကြည့်မှာ သမီးကိုယုံကြည်သည်ဆိုသည့် အကြည့်ဖြစ်ကြောင်း ကြည်ပြာရိပ်မိသည့်အတွက် အားတက်ဝမ်းသာစိတ်ဖြစ်မိသည်။

"ကျောင်းဆရာမကြီး ဖြစ်အောင် ဦးလေး တာဝန်ယူမယ်။ ငါ့တူမကသာ ဆက်ပြီး ကြိုးစားပါ"

"သမီးအစွမ်းကုန်ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ် ဦးလေး"

သွက်လက်မြန်ဆန်စွာ ကြည်ပြာအဖြေပေးလိုက်သည်။ တစ်ဖန် ဦးသံလုံးသည် သဘောမကျသည့် အသွင်သဏ္ဌာန်ဖြင့် အိမ်အပြင်ဘက်လှည့်နေသည့် သူ့ညီမကို–

"ဟဲ့မိသန်းလှ ဘာမှတွေဝေမနေနဲ့။ နိုင်ငံခြားဆိုတာ ကိုယ့်ရွာကိုယ့်တိုင်းပြည်မဟုတ်ဘူး။ မိန်းကလေးနဲ့ဆရာမ အလုပ်က အသင့်တော်ဆုံး ဂုဏ်ရှိတယ်။ သူများလေးစားတာခံရမယ်။ လုပ်ခိုင်းလိုက်သိလား။ ညနေကျ ငါ့အိမ်လာခဲ့အုံး"

"ဟုတ် ဟုတ်ကဲ့ အစ်ကိုကြီး"

မိခင်ဖြစ်သူက ကြည်ပြာဘက်ကိုနှုတ်ခမ်းတစ်ချက်ရွဲ့ပြီးကြည့်သည်။ သို့သော်ယခုအကြည့်က–

"သမီးဆန္ဒအတိုင်းလုပ်ပေတော့၊ အမေလဲ သမီးဦးလေးကိုကြောက်လို့ ခွင့်ပြုလိုက်ပြီ" ဆိုသည့် အကြည့်ဖြစ်ကြောင်း ကြည်ပြာသိလိုက်သည့်အတွက် မိခင်ကို ကျေးဇူးတင်သောအပြုံးဖြင့် ပြန်လည်၍ ကြည့်လိုက်မိပါသည်။

( ၄ )

ကြည်ပြာ ပညာရေးကောလိပ်တက်နေစဉ်တွင် နီလာနှင့် ဖုန်းပြောဖြစ်ကြသည်။ နီလာက သင်တန်းပြီး၍ မကြာမီပြည်ပသို့ထွက်ခွာတော့မည်ဖြစ်ကြောင်း သိရသည်။ နီလာပြည်ပကိုမထွက်ခွာခင် တစ်ခေါက်လောက်ဆုံချင်သော်လည်း သင်တန်းကိုယ်စီနှင့် မအားကြသည့်အတွက် သူတို့နှစ်ဦးမဆုံဖြစ်ကြတော့ပါ။ ယခုဆိုလျှင် ကြည်ပြာလည်း သင်တန်းဆင်း၍ ကံကောင်းထောက်မစွာ သူရည်မှန်းထားသည့်အတိုင်း ကွင်းကလေးရွာမူလတန်းကျောင်းလေးတွင် ပြန်လည်၍ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။

ကြည်ပြာ၏ကြိုးစားမှုကြောင့် ထိုနှစ်မှာပင် ကျောင်းမှ မြို့နယ်အဆင့်ထူးချွန်ဆုရသူသုံးဦးပေါ်ထွက်ခဲ့သည်။ ကျောင်းဆုပေးပွဲတွင် မြို့နယ်ပညာရေးမှူးကိုယ်တိုင်လာပြီး ကွင်းကလေးရွာယခုလို ပညာရေးကဏ္ဍတိုးတက်လာသည့်အတွက် အထူးဂုဏ်ယူပါကြောင်းနှင့် နောက်နှစ်တွေမှာလည်း မြို့နယ်မှသည် ခရိုင်၊ တိုင်းအဆင့်ထိ ထူးချွန်ထက်မြက်သော နိုင်ငံ၏ကြယ်ပွင့်ကလေးများ မွေးထုတ်ပေးကြရန် မှာကြားသွားသည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားအားလုံးပျော်လို့မဆုံးတစ်ပြုံးပြုံးဖြစ်နေကြ၏။နောက်နှစ်အတွက် သည်ထက်မကထူးချွန်ကျောင်းသား၊ကျောင်းသူများ ပေါ်ထွက်နိုင်ရေးအတွက် သားသမီးတို့၏ပညာရေးကိုမိဘများ စိတ်ပါဝင်စားစွာဖြင့် ကြည်ပြာနှင့်ပူးပေါင်းဆောင်ရွက်လာကြသည်။ ကြည်ပြာ၏စကားကို တစ်ရွာလုံးက လေးစားလိုက်နာလာကြသည်။

စာမျက်နှာ ၂၅ သို့ ➤

# တန်ဖိုးရှိတဲ့အလုပ်

ဗညားကျန်းထော

**နိဒါန်း**

တကယ်တော့ အသက်ရှင်နေတဲ့လူတွေဟာ စက်ရုံတွေနဲ့တူလှတယ်လို့ ကျွန်တော်ထင်မိတယ်။ စက်ရုံကကုန်ကြမ်းတွေလိုတယ်။ လျှပ်စစ်၊ လောင်စာဆီ၊ စက်ဆီ၊ ချောဆီ စသည်တို့လိုအပ်တယ်။ ထွက်ကုန်တွေလည်း ထုတ်လုပ်ပေးတယ်။ စက်ရုံက စွန့်ပစ်အမှိုက်သရိုက်၊ အညစ်အကြေးတွေလည်း စွန့်ပစ်စရာထုတ်လုပ်ပေးတယ်။ ဟုတ်လား။

စက်ရုံတစ်ခုလည်ပတ်ခုတ်မောင်းနေသလိုပဲ။

လူတစ်ယောက်ဟာလည်း အလုပ်လုပ်ပြီး ရှင်သန်ရပ်တည်နေတာတွေ့လား။ ဟုတ်ပြီ။ သူ့ရဲ့ တန်ဖိုးအစစ်ကတော့ အလုပ် သို့မဟုတ် ကုန်ပစ္စည်း ထုတ်လုပ်မှုပါပဲ။ လူကရပ်တည်ဖို့ရာ ဝင်ငွေရဖို့ ဘာအလုပ်မျိုးတွေကို ဘာတွေများထုတ်လုပ်သလဲ။ အလုပ်လုပ်တယ်လေ။

**၁။ ကုန်ထုတ်လုပ်မှု** Production
**၂။ ကုန်သွယ်မှု** Trade
**၃။ ဝန်ဆောင်မှု** Service

အများသိထားပြီးဖြစ်တဲ့အတိုင်း ဝန်ဆောင်မှုဆိုတာကတော့ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ဆက်ဆံရေး၊ ပေါင်းစပ်ညှိနှိုင်းရေး၊ ပျော်ရွှင်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေး၊ သက်သာချောင်ချိရေးစတဲ့ အမျိုးမျိုးသောလုပ်ငန်းနယ်ပယ်တွေ ပါတာပေါ့။ ဝန်ဆောင်မှုဟာ ကုန်ထုတ်လုပ်မှုမှာလည်း တစ်စိတ်တစ်ပိုင်းပါဝင်တာရှိသလို ကုန်သွယ်မှုမှာလည်း သွားလာရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး ဝန်ဆောင်မှုအမျိုးမျိုးက ပါဝင်နေတာပဲလေ။ စက်ရုံလည်ပတ်နေသလို လူကအလုပ်လုပ်ပြီး ဘဝတစ်ခု အဝင်အထွက်တွေနဲ့ ရှင်သန်နေတာပါပဲ။

လေကိုအသက်ရှူရတယ်။ လူ့ခန္ဓာကိုယ်က အောက်ဆီဂျင်ကိုအဆုတ်ကလိုအပ်တယ်။ မလိုအပ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက် စတဲ့ဓာတ်တွေကို ရှူထုတ်နေရတယ်။ လေသန့်ကိုရှူတယ်၊ လေဟောင်းကိုရှူထုတ်ရတယ်။ အဆက်မပြတ်အသက်ရှူနေမှ လူဟာအသက်ရှင်နိုင်ပါတယ်။ စက်ရုံကသွင်းရတဲ့ အရာတွေရှိသလို လူကလည်း ရေနဲ့အစာအာဟာရတွေ စားသုံးရပါတယ်။ မလိုအပ်တော့တဲ့အရာတွေကို ကျင်ကြီးကျင်ငယ်၊ သလိပ်၊ တံတွေး၊ ချွေးစသဖြင့် ထုတ်ပြီးစွန့်ပစ်ပါတယ်။

စက်ရုံကကုန်ထုတ်လုပ်ရာမှာ ပစ္စည်းအရေအတွက်များများ ထုတ်လုပ်နိုင်ရင်ကောင်းတယ်။ ထုတ်လုပ်လိုက်တဲ့ ထုတ်ကုန်ပစ္စည်းရဲ့ အရည်အသွေးစံချိန်စံညွှန်းကောင်းဖို့ အရည်အသွေးမြင့်ဖို့လည်းလိုပါတယ်။ အလားတူပါပဲ လူတစ်ယောက်အလုပ်လုပ်တာဟာ အရေအတွက်အားဖြင့် အလုပ်တွင်ကျယ်သင့်တယ်။ ထို့ပြင် အရည်အသွေးလည်း ကောင်းမွန်ဖို့ရာ လိုပါတယ်။ အရေအတွက်နည်းရင် တွက်ခြေမကိုက်ဘူး။ အရည်အသွေးညံ့ရင် စားသုံးသူ၊ ဝယ်ယူသူမကြိုက်တော့ ဈေးကွက်ပျောက်တတ်တယ်။ ဝယ်သူမရှိရင် ပစ္စည်းလက်ကျန်တွေပဲ ပုံနေမယ်။ ဝယ်လိုအားမရှိတာကြာရင် စက်ရုံအရှုံးပေါ်နိုင်တယ်။

လူတွေဟာတကယ်တော့ တစ်ဦးချင်းဆီမှာ ထုတ်လုပ်နိုင်စွမ်းမတူကြပေမယ့် အလုပ်ဆိုတဲ့စက်ရုံလည်ပတ်နေသလိုပဲ လှုပ်ရှားမှုကတော့ လူမသေမချင်းလုပ်နေကြရတာ ဖြစ်ပါတယ်။ လူတစ်ယောက်က စားဖို့လိုတယ်၊ ဝတ်ဖို့လိုတယ်၊ နေစရာလိုတယ်လေ။

မိမိထုတ်လုပ်နိုင်ခဲ့စဉ်က ကောင်းတဲ့အလုပ်တွေအများကြီးလုပ်ခဲ့တယ်။ အရည်အသွေးကောင်းပေ့၊ ညွှန့်ပေ့၊ အရည်အသွေးအဆင့်အတန်း စံချိန်စံညွှန်းအထူးကောင်းခဲ့ဖူးတယ်ဆိုရင်တော့ အခြားလူများက ကျေးဇူးတင်အသိအမှတ်ပြု လေးစားသောအားဖြင့် စောင့်ရှောက်တတ်ကြပါတယ်။

လူတစ်ယောက်ဟာ ကလေး၊ လူလတ်၊ လူကြီး ဘဝ အရွယ်သုံးပါး ဖြတ်သန်းရာမှာ ကုန်ထုတ်စွမ်းအားထုတ်ကုန်အရေအတွက် အလွန်မြင့်မားရုံမက ထွက်ကုန်ရဲ့အရည်အသွေးကလည်း တန်ဖိုးအလွန်မြင့်မားခဲ့တယ်ဆိုရင် သူအသက်ကြီးတဲ့အခါမှာ ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုငွေ၊ ချီးမြှင့်ပံ့ပိုးမှုတွေ၊ နောင်လာနောက်သားတွေက ပူဇော်ကန်တော့လေ့ရှိကြပါတယ်။ ဝန်ထမ်းနယ်ပယ်၊ အားကစားနယ်ပယ်၊ အနုပညာနယ်ပယ်၊ နိုင်ငံရေးနယ်ပယ် စသဖြင့်ပေါ့။

လူတစ်ယောက်ရဲ့ဘဝတစ်လျှောက် လုပ်ဆောင်ခဲ့တဲ့အလုပ်တွေကတော့ အမျိုးမျိုးရှိနိုင်တာပေါ့။ ကံသုံးပါးနဲ့ပြုလုပ်ခဲ့တာတွေ အများကြီးပေါ့။

ကိုယ်အပြုအမူတွေ၊

နှုတ်အပြောအဆိုတွေ၊

အဲဒါတွေကို ထုတ်လုပ်စေတဲ့ မိမိရဲ့စိတ်အတွင်းက "သဘောထား၊ စိတ်နေ၊ အလေ့အထ၊ ဆင်ခြင်တိုင်းထွာနိုင်တဲ့ ဉာဏ်ပညာနဲ့ကိုယ်ကျင့်သီလ ပြည့်စုံမှုအစရှိတဲ့ ကိုယ်ကျင့်(Charactor) နဲ့ ပညာ (Wisdom) စွမ်းအား" ဟာ အဓိကအကျဆုံးပါပဲ။

ကောင်းတဲ့ရှုမြင်မှုနဲ့ ကောင်းတဲ့အတွေး၊ ကောင်းတဲ့စကား၊ ကောင်းတဲ့ကိုယ်အပြုအမူ အလုပ်တွေလုပ်ရင် မလွဲမသွေကောင်းကျိုးရလဒ် အကျိုးဆက်တွေ ရပေမှာပဲ။

အလားတူမကောင်းတဲ့၊ မှားယွင်း၊ မိုက်မဲ၊ ယုတ်ညံ့တဲ့အတွေးအယူ၊ အပြောအဆို၊ အနေအထိုင် အလုပ်အကိုင် မှားယွင်းမှု၊ မိုက်မဲမှု၊ ဆိုးသွမ်းမှုတွေကိုသာ ပြုနေခဲ့မိသည်ရှိသော်(ဗေဒင်မေးမနေနဲ့) ဆင်းရဲဒုက္ခအကျိုးဆက်တွေက မိမိကိုရက်ရက်စက်စက် ဖိစီးနှိပ်စက်ပေလိမ့်မယ်။ တိရစ္ဆာန်လို အတင်းအကြပ် အခိုင်းအစေခံရမယ်။ ငရဲလိုပူပြင်းနာကျင်တဲ့ အပြစ်ဒဏ်ပေးခြင်းတွေနဲ့ ကြုံရလိမ့်မယ်။

ရရှိလာတဲ့ကောင်းကျိုးဖြစ်စေ၊ ဆိုးပြစ်ပဲဖြစ်စေ၊ ကိုယ်လုပ်ခဲ့တဲ့အလုပ်(ကံ)ရဲ့ အကျိုးဆက်တွေပဲ မဟုတ်လား။ ကြက်ဟင်းခါးစေ့စိုက်ပြီး ငှက်ပျောသီးသီးချင်လို့မရဘူး။ စိန်တလုံးသရက်သီးစေ့ကို စိုက်ပျိုးခဲ့ရင်လည်း သံပရာသီးမသီးပါဘူး။ အချိုမျိုးကိုစိုက်ပျိုးသူဟာ စိန်တလုံးသရက်ခြံကြောင့် ချမ်းသာတော့တာပေါ့။

အလုပ်ကောင်းရင် ကံကောင်းတာပဲ။

ကံကောင်းချင်ရင် စေတနာကောင်းရမယ်။

စေတနာကောင်းရင် ကံကောင်းစေပါတယ်။

အလုပ်တွေအမျိုးမျိုး လုပ်ဖူးပေမှာပဲ။

မိမိဘဝကိုကောင်းအောင်၊ ဆိုးအောင်၊ တော်အောင်၊ ညံ့အောင် စီမံတာဟာ မိမိရဲ့အလုပ်ရွေးချယ်တာ မှန်ကန်ခြင်းနဲ့ အလုပ်ရဲ့ကုန်ထုတ်လုပ်မှု အရည်အသွေးကောင်းခြင်း၊ အရေအတွက်(ထပ်ကြိမ်)များပြားခြင်းတွေရဲ့ အကျိုးပေးစွမ်းအားသဘောပေပဲ။ မိမိကိုယ်တိုင်မိမိအလုပ်ကို သေချာစွာစီမံရမှာပေါ့။

အလုပ်တစ်ခု(ကြီးကြီး၊ သေးသေး) အောင်မြင်ချင်ရင် အခြေခံလိုအပ်ချက်က ဘာတွေလဲ။

ဒီမေးခွန်းရဲ့အဖြေကို မိမိရဲ့စာတွေ့၊ လက်တွေ့ လေ့လာမှတ်သားခဲ့ရတဲ့ အဆီအနှစ်သံခိပ်အကျဉ်းချုပ်ဖော်ပြရရင် အောက်ပါခြောက်ချက်ဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။

**၁။ အရှည်မြော်မြင်ခြင်း**

ရေတိုကိုလည်းကြည့်ချင်ကြည့်ပေါ့။ သို့သော် မလွဲမသွေရောက်လာမယ့် အနာဂတ်မှာ မှန်းဆလို့ရတဲ့ အားသာချက်၊ အားနည်းချက်၊ အလေ့အထ၊ စွမ်းရည်စွမ်းအား၊ စိတ်နေစိတ်ထားတွေအရ အမှန်အမှားချိန်ဆကြည့်ရင် အဖြေမှန်တွေမြင်ရမယ်။

ခေတ်နောက်မကျစေနဲ့၊ စာဖတ်မပျင်းနဲ့။ အချိန်ကိုလေ့လာဆည်းပူး၊ စူးစမ်းခြင်းနဲ့အသုံးချပါ။ ဘဝတက္ကသိုလ်ကြီးရဲ့ စာသင်သားလို့ မိမိကိုယ်ကို သဘောထားပြီး အမြော်အမြင်ကြီးမားအောင် လေ့ကျင့်နေပါ။ ဘဝသင်ခန်းစာတွေ တွေ့ရမယ်။ အမြင်ကျယ်ပြီပေါ့။

**၂။ ရှင်းလင်းရမည်**

(က) ဘာပဲတွေးတွေး၊ **ရှင်းရှင်းလင်းလင်းတွေး။**

(ခ) ဘာပဲရေးရေး၊ **ရှင်းရှင်းလင်းလင်းရေး။**

(ဂ) ဘာပဲပြောပြော၊ **ရှင်းရှင်းပြော။**

(ဃ) ဘာပဲလုပ်လုပ်၊ **ရှင်းရှင်းလင်းလင်းလုပ်။**

**မရှင်းမရှင်းမလုပ်လေနဲ့၊ ရှုပ်ထွေးတတ်တယ်။**

**၃။ တိကျရမည်။ ဘာတိကျရမှာလဲ။**

အထက်ကိုတင်ပြရာတွင် တိတိကျကျရှိရမည်။ လက်အောက်ကိုညွှန်ကြားရာမှာ တိတိကျကျရှိရမယ်။ တန်းတူချင်းဆွေးနွေးညှိနှိုင်းရင် တိကျမှုရှိရမယ်။ ပြောရင်တိကျ၊ ရေးရင်တိကျ၊ လုပ်ရင်တိကျ၊ တွေးတာမှစလို့ တိကျရမှာ ၆ ချက်ရှိပါတယ်။

(က) **ဘယ်သူ** Who
(ခ) **ဘယ်အချိန်** When
(ဂ) **ဘယ်နေရာ** Where
(ဃ) **ဘာကို** What
(င) **ဘယ်လို** How
(စ) **ဘာကြောင့်** Why (ရည်ရွယ်ချက်)

တိကျမှသာ အလုပ်ဟာအလုပ်နဲ့တူအောင် ပြီးစီးအောင်မြင်ထိရောက်ပါတယ်။

**၄။ ပေါင်းစပ်ညှိနှိုင်းခြင်း**

သတင်းစုံစွာရယူပြီး ပါဝင်တိုင်ပင်သင့်သူ ကျွမ်းကျင်ရာနယ်ပယ်က ထိုက်တန်သူများနဲ့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီး တက်ညီလက်ညီ အားသွန်ခွန်စိုက် သက်ဆိုင်ရာအလိုက် အကောင်အထည်ဖော်ကြရပါမယ်။ စုပေါင်းအား(Synergy) ရဲ့ ရလဒ်ဟာ အပေါင်းလက္ခဏာသဘောသာမဟုတ်ပါ။

အဖြေက ၁၀+၁၀= ၂၀မဟုတ်ဘူး။ ၁၀x၁၀=၁၀၀ ဆိုတဲ့ အမြှောက်ရလဒ်ပေါ်ထွက်စေလို့ ပေါင်းစပ်ညှိနှိုင်းမှုနဲ့ ဆုံးဖြတ်တဲ့အလုပ်ဟာ ပေါင်းစပ်ညှိနှိုင်းမှုမပါတဲ့ ရွေးချယ်မှုကွာခြားလှပါတယ်။

**၅။ အလုပ်အချိန်မီပြီးရမည်**

တစ်နေ့တာအလုပ်၊ တစ်ပတ်စာအလုပ်၊ တစ်လကြာပြီးစရာအလုပ်၊ တစ်နှစ်ကြာရင်ပြီးရမယ့်အလုပ်စသဖြင့် လျာထားချက်အတိုင်းပြီးရပါမယ်။

အချိန်မီပြီးစီးမှသာ အလုပ်ထိရောက်တယ်။

အနော်ရထာဘုရင်ဟာ ဘုရားတည်တော်မူရာ အချိန်မီမလာရောက်ဘဲ ပျက်ကွက်လို့ အုပ်နှစ်ချပ်လပ်နေတဲ့ ရွှေဖျင်းညီနောင်ကို အပြစ်ဒဏ်ထိထိရောက်ရောက်ပေးခဲ့တယ်။ ပုဂံပြည်အိမ်ရှေ့မင်းရှေ့တန်းသို့စစ်ထွက်သွားရစဉ် သတင်းထူးလျှင်ချက်ချင်း ငါ့ထံသို့သတင်းပို့စေဆိုပြီး စီးတော်မြင်းကိုပေးခဲ့ပါလျက် ညအခါငါးဘတ်ချောင်းသောင်ပြင်ကို ရေအလျဉ်ထင်မှတ်လို့ တစ်ဖက်ကမ်း၌ ညအိပ်စောင့်၍ မနက်ရောက်မှဘုရင်က ခယ်မတော်ကိုသိမ်းပိုက်ဆောင်တော်ကူးကြောင်း သတင်းသိရလို့ ကျွန်ယုံတော်ငအောင်စွာကို အပြစ်ပေးခံခဲ့ရတာ သတိရပါ။ သင်ခန်းစာတွေ။

**အချိန်မလင့်ပါစေနဲ့။**

**အချိန်မလွန်ပါစေနဲ့။**

ဆုံးရှုံးမှုကြီးမားလှပါတယ်။

**၆။ အမြဲလေ့ကျင့်**

အလုပ်အောင်မြင်ဖို့ရာ လွှကိုသွေးပါဆိုတဲ့ စတီဖင်အာရ်ကိုဗီး(၁၉၃၂- ၂၀၁၃)ရဲ့ ထိရောက်မြင့်မားအောင်မြင်ကြီးပွားသူတို့ရဲ့ အလေ့အထထဲက သတ္တမအချက်။ မိမိကိုယ်ကိုအလုပ်စွမ်းရည် ကျွမ်းကျင်မှုထက်မြက်နေအောင် ရော်နယ်ဒိုတို့၊ လီယွန်နယ်မက်ဆီတို့ အဆက်မပြတ်လေ့ကျင့်နေပုံကို နမူနာယူရမှာပါ။

**နိဂုံး**

အလုပ်အောင်မြင်ချင်ရင် ဒီခြောက်ခုကို ပြည့်စုံအောင် မဖြစ်မနေလိုက်နာကျင့်သုံးရုံပါပဲ။ ပွဲပြီးပါတယ်။

**အရှည်မြော်၊ ရှင်းတိ၊**

**ပေါင်းညှိ၊**

**အချိန်မီပြီး၏။ အမြဲလေ့ကျင့်ပါဘိ။**

အောင်မြင်ကြမှာ မလွဲသေချာ။

**❖လူတစ်ယောက်ရဲ့ဘဝတစ်လျှောက် လုပ်ဆောင်ခဲ့တဲ့အလုပ်တွေကတော့ အမျိုးမျိုးရှိနိုင်တာပေါ့။ ကံသုံးပါးနဲ့ပြုလုပ်ခဲ့တာတွေ အများကြီးပေါ့။ ကိုယ်အပြုအမူတွေ၊ နှုတ်အပြောအဆိုတွေ၊ အဲဒါတွေကိုထုတ်လုပ်စေတဲ့ မိမိရဲ့စိတ်အတွင်းက "သဘောထား၊ စိတ်နေ၊ အလေ့အထ၊ ဆင်ခြင်တိုင်းထွာနိုင်တဲ့ ဉာဏ်ပညာနဲ့ကိုယ်ကျင့်သီလ ပြည့်စုံမှုအစရှိတဲ့ ကိုယ်ကျင့်(Charactor)နဲ့ ပညာ(Wisdom) စွမ်းအား"ဟာ အဓိကအကျဆုံးပါပဲ။ ကောင်းတဲ့ရှုမြင်မှုနဲ့ ကောင်းတဲ့အတွေး၊ ကောင်းတဲ့စကား၊ ကောင်းတဲ့ကိုယ်အပြုအမူ အလုပ်တွေလုပ်ရင် မလွဲမသွေကောင်းကျိုးရလဒ် အကျိုးဆက်တွေရပေမှာပဲ။❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကျွန်းလှမြို့နယ်တွင် နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၄၁ တင်း ထွက်ရှိ



ကျွန်းလှ မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၁ တင်းထွက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၀၃၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၁ တင်း ထွက်ရှိကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ နှမ်း ၁၄၀၃၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ဆန်ကွဲများ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မအူပင် မတ် ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ဆန်ကွဲများ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ပြည်ဝင်အိတ်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိက တင်ပို့ရောင်းချပါတယ်။ ဆန်ကွဲတွေကို ဖေဖော်ဝါရီလ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ အခုလို အခက်အခဲမရှိဘဲ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေအတွက် အဆင်ပြေပါတယ်" ဟု မအူပင်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအား တက်လာခြင်း၊ ဈေးကောင်းရရှိလာခြင်းကြောင့် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# မိုင်းတုံမြို့နယ်၌ ဝမ်ပုံကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

မိုင်းတုံ မတ် ၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းတုံကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက ဝမ်ပုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုငွေတိုးစီးပွားရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ ကျေးရွာရှိ အသင်းသား၊ အသင်းသူများကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၁၀ ထိ ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

# ဥတ္တရသီရိမြို့နယ် ဇလောင်းမြောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

နေပြည်တော် မတ် ၃

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇလောင်းမြောက်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ပံ့ပိုးရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ဇလောင်းမြောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဥတ္တရသီရိမြို့နယ် ဇလောင်းမြောက်ကျေးရွာ၌ အနက် ပေ ၄၀၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၁၂၀၊ အမြင့် ငါး ပေ ရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုပံ့ပိုးရန်ပုံငွေကျပ် ၃၁ ဒသမ ၈၃၂ သန်းဖြင့် NTT Construction ကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဇူလိုင် ၂ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဇလောင်းမြောက်ကျေးရွာရှိ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်ထံမှ သိရသည်။

ကိုညို

# မြန်အောင်မြို့နယ် ပြည့်စင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြန်အောင် မတ် ၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည့်စင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက ပြည့်စင်ကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၆ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်ထံမှ သိရသည်။

သံသာ

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

( ဂ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Web-portal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## စွယ်တော်မြတ်စေတီတော်(မန္တလေး)
## ရွှေတိဂုံပုံတူစေတီတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တို့အား ရွှေစစ်သင်္ကန်းကပ်လှူခြင်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားပူဇော်သော ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ရွှေတိဂုံပုံတူစေတီတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တို့အား ရွှေစစ်သင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်းလုပ်ငန်းဆောင်ရွက်ခွင့်တင်ဒါများကို အောက်ပါအတိုင်းတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) တင်ဒါတင်သွင်းရမည့်နေရာ
စွယ်တော်မြတ်စေတီတော်(မန္တလေး)
ဂေါပကအဖွဲ့ရုံး
နတ်ရေကန်အုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ခ) တင်ဒါတင်သွင်းရမည့်ရက်
(၄-၃-၂၀၂၅)ရက်မှ(၁၇-၃-၂၀၂၅)ရက်နေ့ (၁၅:၀၀)နာရီအတွင်း

၂။ တင်သွင်းမည့်အဆိုပြုလွှာတွင် ပါဝင်ရမည့်အသေးစိတ်အချက်အလက်များကို ဂေါပကအဖွဲ့ရုံးတွင်ရယူ၍ ပြည့်စုံစွာရေးသားဖော်ပြတင်သွင်းရန်ဖြစ်ပါသည်။

ဂေါပကအဖွဲ့
စွယ်တော်မြတ်စေတီတော်(မန္တလေး)
ဖုန်း ၀၉-၂၅၆၈၇၂၂၃(ဥက္ကဋ္ဌ)
၀၉-၂၀၆၂၂၉၄(အတွင်းရေးမှူး)
၀၉-၅၁၄၇၂၁၂(ဘဏ္ဍာရေးမှူး)
၀၉-၇၅၇၇၆၈၄၄၃(ရုံးအဖွဲ့မှူး)

## တဟုန်ဖန်

(၁) Cashier အမျိုးသမီး (၂)ဦး
(၂) အရောင်းဝန်ထမ်း အမျိုးသမီး (၄)ဦး
(၃) ပစ္စည်းပို့ဝန်ထမ်း အမျိုးသား (၆)ဦး
– (က) လိုင်စင်ရှိရမည်။
(၄) Marketing အမျိုးသား/အမျိုးသမီး (၆)ဦး
– ကိုယ်ပိုင်ဆိုင်ကယ်နှင့် (က)လိုင်စင်ရှိရမည်။

အထက်ပါဝန်ထမ်းများ လျှောက်ထားလိုပါက CV ဖောင် အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ထောက်ခံစာနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်းနံပါတ် – 09–783588880၊ 09–783688880၊ 09–257483611**

**လိပ်စာ – ၆၂ လမ်း၊ ၁၁၀ x ၁၁၁ လမ်းကြား၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ သံရွာ၊ တောင်တော်ကွင်း၊ ကွင်းအမှတ်(၂၅၂-က) (၂၅၂-က(ကွင်းပြင်))နှင့် (၂၅၂-ခ(ကွင်းပြင်))ရှိ ကျားခေါင်းအမှတ်တံဆိပ်ဖြင့် ဘိလပ်မြေထုတ်လုပ်နေသော၊ UE Export Import Co.,Ltd သည် ၂၄-၆-၂၀၂၄ နေ့တွင် ကျောက်ဆည်ခရိုင်တရားရုံးတော်မှ စာရင်းရှင်းလင်းဖျက်သိမ်းခွင့်အမိန့်ချပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးထားသော ဘိလပ်မြေထုတ်လုပ်ခြင်း ခွင့်ပြုမိန့်အမှတ် မနသ-၇၄၃/၂၀၁၀ နှင့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်အမှတ် မနသ-၆၄၂/၂၀၀၄ တို့အား အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပြန်လည်အပ်နှံမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုမြင့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်
(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
အမှတ်(၁၈၁/၁၈၃)၊ အခန်း(၃၀၃)၊၄-လွှာ၊ (၃၄)လမ်း(အထက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၅၀၀၇၉၇၃
အီးမေး(လ်)လိပ်စာ – info@chogroupaudit.com
chogroupauditfirm001@gmail.com

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်- ၂၇၊ အ.ထ.က Grade-9 တွင် ပညာသင်ကြားနေသော မပုလဲဝင်း ကျောင်းဝင်းအမှတ်-၀၂၂၄၅၏ ဖခင်အမည်မှာ ဦးဝင်းလှိုင်(၁/ပတအ(နိုင်)၀၄၇၅၂၄) ဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်(၁/ပတအ(နိုင်)၀၄၇၅၂၄)




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။









## စွယ်တော်မြတ်စေတီတော်(မန္တလေး) အာနန္ဒာပုံတူကွမ်းတောင်တော်၊ စေတီတော်လုံးတော်ပြည့်၊ မကားရန်း(၁၈)ကောင်၊ ခြသေ့် (၁၈)ကောင်၊ ဝိသူကမ္မနတ်ကွန်း (၉)ခုတို့အား ရွှေဆေး၊ ဆီဆေး၊ ရေဆေး၊ (နံ့သာရောင်၊ အဖြူရောင်)သုတ်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရံသီ ကုန်းတော်မြတ်၌ တည်ထားပူဇော်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ အာနာန္ဒာပုံတူ ကွမ်းတောင်တော်၊ စေတီတော်လုံးတော်ပြည့်၊ မကာရန်း (၁၈)ကောင်၊ ခြသေ့(၁၈)ကောင်၊ ဝိသူကမ္မနတ်ကွန်း(၉)ခုတို့အား ရွှေဆေး၊ ဆီဆေး၊ ရေဆေး၊ (နံ့သာရောင်၊ အဖြူရောင်)သုတ်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်းလုပ်ငန်းဆောင်ရွက်ခွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) <u>တင်ဒါတင်သွင်းရမည့်နေရာ</u>
စွယ်တော်မြတ်စေတီတော်(မန္တလေး)
ဂေါပကအဖွဲ့ရုံး
နတ်ရေကန်အုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

( ခ ) <u>တင်ဒါတင်သွင်းရမည့်ရက်</u>
(၄-၃-၂၀၂၅)ရက်မှ(၁၇-၃-၂၀၂၅)ရက်နေ့ (၁၅:၀၀)နာရီအတွင်း

၂။ တင်သွင်းမည့်အဆိုပြုလွှာတွင် ပါဝင်ရမည့်အသေးစိတ်အချက်အလက်များကို ဂေါပကအဖွဲ့ရုံးတွင်ရယူ၍ ပြည့်စုံစွာရေးသားဖော်ပြတင်သွင်းရန်ဖြစ်ပါသည်။

ဂေါပကအဖွဲ့
စွယ်တော်မြတ်စေတီတော်(မန္တလေး)
ဖုန်း ၀၉-၂၅၆၈၂၇၂၂၃(ဥက္ကဋ္ဌ)
၀၉-၂၀၆၂၂၉၄(အတွင်းရေးမှူး)
၀၉-၅၁၄၇၂၁၂(ဘဏ္ဍာရေးမှူး)
၀၉-၇၅၇၇၆၈၄၄၃(ရုံးအဖွဲ့မှူး)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။
- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။
- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ...**

❖ **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

### ထူးခြားသည့် နေ့အပူချိန်များ

(၃-၃-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၄၁ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



နေပြည်တော် မတ် ၃

ထိုင်းနိုင်ငံအပါအဝင်အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။

## ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာစစ်ဆေးရေးဂိတ်၌ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံခြောက်ဦး၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မတ် ၃

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေ ဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် မူးယစ်ဂိုဏ်းများအနေဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများကို အသုံးပြု၍ နည်းလမ်းမျိုးစုံဖြင့် သိုဝှက်သယ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပန်းတောင်းမြို့နယ်

စာမျက်နှာ ၂၂ ကော်လံ ၁ ❑